# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၃)


## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တန်(၂၀၀)ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)ကြည့်ရှုစစ်ဆေး နိုင်ငံတော်၏လိုအပ်ချက်အရပေါ်ထွန်းလာသောစက်ရုံဖြစ်သည်နှင့်အညီ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက် မိမိတို့တာဝန်ယူဆောင်ရွက်သောလုပ်ငန်းကဏ္ဍအလိုက် အစီအမံအတိုင်းဆောင်ရွက်ရေးမှာကြား

ရန်ကုန် အောက်တိုဘာ ၁၂

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်ဖြင့်ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီခွဲတွင် ဧရာဝတီတိုင်း သာပေါင်းမြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ တန်(၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)သို့ ရောက်ရှိကြသည်။**

### ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တန်(၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)မှ ဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)စက်ရုံစီမံကိန်းရှင်းလင်းဆောင်သို့ ***စာမျက်နှာ ၇ ကော်လံ ၁*** *

### ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧရာဝတီတိုင်း သာပေါင်းမြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ တန်(၂၀၀) ပျော့ဖတ်စက်ရုံအတွက် ကုန်ကြမ်း၊ ဝါးများ စုဆောင်းထားရှိမှုနှင့် ခေတ်မီ ဝန်ချီစက်များပါရှိသည့် ဆိပ်ကမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**



### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## တန်(၂၀၀)ပျော့ဖတ်စက်ရုံ(သာပေါင်း)စမ်းသပ်လည်ပတ်လျက်ရှိ

တန်(၂၀၀)ပျော့ဖတ်စက်ရုံ စီမံကိန်းသည် သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာအနီးတွင် တည်ရှိပြီး ၂၀၀၄ ခုနှစ် ဧပြီ ၃၀ ရက်တွင် ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ၂၀၀၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် စက်စမ်းသပ်လည်ပတ်လျက်ရှိသည်။

တစ်နေ့ တန်(၂၀၀)ပျော့ဖတ်စက်ရုံမှထွက်ရှိလာသော ပျော့ဖတ်တန် ၅၀ ကို အဆင့်မြင့်စက္ကူများ ထုတ်လုပ်သွားရန်အတွက် တစ်နေ့လျှင် တန် ၅၀ အဆင့်မြင့် စက္ကူစက်ရုံနှင့် တစ်နေ့ တန် ၆၀ သတင်းစာစက္ကူထုတ်လုပ်သည့်စက်ရုံတို့ကိုလည်း ဆက်လက်တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ရက်)

# မြန်မာအားကစားအဖွဲ့များအောင်နိုင်ရေး အားပေးမြှင့်တင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်ရေး ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လူမှုရေးဦးတည်ချက်(၄)ရပ်၌ **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဟူသည့် ဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းချမှတ်ထားပြီး အားကစားကဏ္ဍ မြင့်မားတိုးတက်စေရန် အလေးထားအကောင်အထည်ဖော်လျက် ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်တွင်း၌ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများ ကျင်းပလျက် ရှိသကဲ့သို့ ပြည်ပပြိုင်ပွဲများသို့လည်း မြန်မာအားကစားအဖွဲ့များ စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိသည်။ ထို့အတူ နိုင်ငံတော်အစိုးရ၏ အားပေးပံ့ပိုးမှုဖြင့် နိုင်ငံတကာ ပြိုင်ပွဲများကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကာ အောင်အောင်မြင်မြင် ကျင်းပပေးနိုင်ခဲ့သည်။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက အားကစားလှုပ်ရှားမှုများကို အားပေးကူညီပံ့ပိုးပေးနေခြင်းသည် အမျိုးသားအားကစားအဖွဲ့ချုပ်နှင့် နိုင်ငံတကာ အားကစားအဖွဲ့ချုပ်များအကြား၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား အားကစားပွဲတော်များမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှု စိတ်ဓာတ်များ၊ နိုင်ငံ့ဂုဏ်ကို မြင့်မားစေသည့် စိတ်ဓာတ်များ ပိုမိုတိုးပွားလာစေရန် စီမံဖြည့်ဆည်းပေးခြင်း ဖြစ်သည်။

မြန်မာအားကစား အဆင့်အတန်းမြင့်မားရေး၊ မြန်မာအားကစားအဖွဲ့များ အောင်နိုင်ရေးအတွက် နိုင်ငံတော်က အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ စေတနာရှင်အလှူရှင်များ၊ နိုင်ငံသူနိုင်ငံသားများကလည်း စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းပါဝင် အားပေးလျက်ရှိကြသည်။

ယင်းကဲ့သို့ နိုင်ငံတော်ကအားပေးမြှင့်တင်ပေးခြင်း၊ စေတနာရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ပြည်သူများက အားပေးနေခြင်းတို့သည် နိုင်ငံ့ဂုဏ်ထွန်းပြောင်စေရန် တစ်မျိုးသားလုံး ပူးပေါင်း ဆောင်ရွက်နေခြင်းဖြစ်သည်ဟု အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းစနစ်မှူးများက နားလည်သဘောပေါက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် အားကြိုးမာန်တက် ကြိုးစားကြရမည် ဖြစ်သည်။

နိုင်ငံတကာ အားကစားပြိုင်ပွဲများသို့ မြန်မာနိုင်ငံအနေဖြင့် အစဉ်တစိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် အောင်မြင်မှုများ ရရှိခဲ့သကဲ့သို့ ရှုံးနိမ့်မှုများလည်း ရှိခဲ့သည်။ ထို့ကြောင့် မြန်မာ့အားကစား၏ အခြေအနေနှင့်အားနည်းချက်၊အားသာချက်များကို အားကစားဆိုင်ရာ တာဝန်ရှိသူများက အားကစားသမားများနှင့် စဉ်ဆက်မပြတ်ထိတွေ့၍ ပြုပြင်သုံးသပ်ဆောင်ရွက်ကြရန် ဖြစ်သည်။

မကြာမီ ရက်ပိုင်းအတွင်းက မြန်မာ့အားကစား အောင်မြင်မှုမှတ်တိုင်များကို မြင်တွေ့နေရသည်။ စက်တင်ဘာလ ၂၉ ရက်မှ အောက်တိုဘာလ ၉ရက်နေ့အထိ ဗီယက်နမ်နိုင်ငံတွင်ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက ပထမ ရွှေတံဆိပ်ဆွတ်ခူးခဲ့ပြီး စက်တင်ဘာလ ၃၀ရက်မှ အောက်တိုဘာလ ၁၀ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပခဲ့သည့် အကြိမ်(၁၁၀)မြောက် အိန္ဒိယဘောလုံးအဖွဲ့ချုပ်ဒိုင်း ဘောလုံးပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းက အနိုင်ရဗိုလ်စွဲခဲ့ကြသည်။

ထို့အပြင် စက်တင်ဘာလ ၂၇ ရက်မှ အောက်တိုဘာလ ၄ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသော ပဥ္စမအကြိမ်မြောက် အရှေ့တောင်အာရှ ကနူး လှေလှော်ပြိုင်ပွဲတွင်လည်း မြန်မာအသင်းက ရွှေရှစ်ခု၊ ငွေ ခြောက်ခု၊ ကြေးနှစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့ပြန်ရာ မြန်မာအားကစားအဖွဲ့များ စွမ်းဆောင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းများပင် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပအားကစားပြိုင်ပွဲများတွင် မြန်မာအားကစားအဖွဲ့များ အောင်နိုင်မှုဆုတံဆိပ်များ ပိုမိုရရှိရေး၊နိုင်ငံ့ဂုဏ်ဆောင်ပြီး အနာဂတ်၌ နိုင်ငံတော်က အားကိုးအားထားပြုရမည့် အားကစားသမား လူရည်ချွန်များ ပေါ်ထွန်းလာရေးအတွက် အားကစားဆိုင်ရာတာဝန်ရှိသူများနှင့် အားကစားသမားများက အားသွန်ခွန်စိုက် လေ့ကျင့်ကြိုးပမ်းကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၁၃-၁၀-၂၀၀၄

(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Time Series Analysis and Forecasting (စီးပွားရေးအထူးပြု)
၅:၃၅ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက် ချစ်တယ်"** (အပိုင်း-၃)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူ့ရဲကောင်း"** (အပိုင်း-၁၂)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## အာဆီယံကျေးလက်ဖွံ့ဖြိုးရေးနှင့် ချို့တဲ့မှုပပျောက်ရေးအစည်းအဝေး နယ်စပ်/စည်ပင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ဆွေးနွေးခဲ့

ရန်ကုန် အောက်တိုဘာ ၁၂

**စတုတ္ထအကြိမ်မြောက် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲ ချို့တဲ့မှုပပျောက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကို စင်ကာပူနိုင်ငံ၌ အောက်တိုဘာ ၇ ရက်က ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။**

အစည်းအဝေးကို စင်ကာပူနိုင်ငံ Meritus Mandarine Hotel၌ ကျင်းပရာ စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် Professor S. Jayakuma တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ကြီးအဆင့် အစည်းအဝေးကို Meritus Mandarine Court D တွင် ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ဖြစ်သည့်ကျေးလက်လမ်းများဖွံ့ဖြိုးတိုးတက်ရေး၊ကျေးလက်ရေရရှိရေး၊ ကျေးလက်ပညာရေး၊ ကျေးလက်ကျန်းမာရေးနှင့် ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အဆင့်မူချမှတ် ဆောင်ရွက်ပုံနှင့် အောင်မြင်မှုများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူများဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် နိုင်ငံအဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု ထူထောင်ဆောင်ရွက်နေမှုများ ရှင်းလင်းပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲချို့တဲ့မှုပပျောက်ရေးအတွက် ဒေသအတွင်းပူးပေါင်းဆောင်ရွက်နေမှုများ အရှိန် အဟုန်မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို အောက်တိုဘာ၄ရက်နှင့်၅ ရက်တို့တွင်ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် ညွှန်ကြားရေးမှူး ဦးအေးလွင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဝါတွင်းခုနစ်ရက် တရားစခန်းပွဲ

**ရန်ကုန် အောက်တိုဘာ ၁၂**

ထားဝယ်မြို့ ဘုမ္မော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲအမှတ်(၁၅)၏ ဓမ္မရိပ်သာကြီးတွင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိကဆရာ (ဇလွန်) ဦးသိန်းဝင်းသည် အောက်တိုဘာ ၁၆ ရက်မှ ၂၂ရက် အထိ ခုနစ်ရက်တိုင်တိုင် ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး တရားတော်နှင့် ပဋိစ္စသမုပ္ပာဒ် တရားတော်မြတ်ကို ဟောပြောပြသမည် ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုသူများသည် အောက်တိုဘာ၁၅ရက်နောက်ဆုံးထား၍ မိုးကုတ်ရိပ်သာဓမ္မာရုံ ရုံးခန်း ဖုန်း-၀၅၉-၂၂၂၇၆ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။**(က-ပ)**



**မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော စိတ်ကျန်းမာရေးဆင့်ပွားသင်တန်းဖွင့်ပွဲကို အောက်တိုဘာ၁၀ ရက်က ဒေသန္တရကျန်းမာရေးရုံးခန်းမတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခွေးခွေးရိုန်အဖွင့်အမှာစကား ပြောကြားစဉ်။** (၂၅၉)

# မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မင်္ဂလာဒုံ အထက(၁) ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်





**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)**

ရန်ကုန် အောက်တိုဘာ ၁၂

**ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။**

## တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များအား မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ဘင်ခရာအဖွဲ့၊ အကအဖွဲ့တို့နှင့် တွဲဖက်၍ မြန်မာ့ကျောင်းသီချင်းကို သီဆိုကာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်များကို ကျင်းပရာ ကျောင်းသူ စုပြည့်ကျော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Electronic Media (Audio System) နှင့် Language Lab Room ကို ရှေးဦးစွာ ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Computer Application and e.Mail Room ၌ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ကျောင်းသားကျောင်းသူများ ကွန်ပျူတာကျွမ်းကျင်မှုရှိစေရေးအတွက် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် Electronic Media (Video System) Room၊ ဘုရားခန်း၊ Computer Aided Instruction Room ၊ Printed Media (Reading Corner) Roomနှင့် နဝဒေးစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းကျန်းမာရေးဆေးခန်း ဖွင့်လှစ်ထားမှုကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပန်းချီအနုပညာခန်း၊ အိမ်တွင်းမှုပြခန်းတို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

## ရှင်းလင်းပြောကြား

ထို့နောက် စိုက်ပျိုးရေးပရဆေးပြခန်းနှင့် စက်မှုလက်မှုပြခန်းတို့ကို ကြည့်ရှုစစ်ဆေးကြရာ ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသည့် ပရဆေးပင်များနှင့် အသုံးပြုနိုင်မှုများ၊ လက်မှုလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ကျောင်းသူလေးတစ်ဦးက ကျောင်းပရဆေးစိုက်ခင်းအတွင်းစိုက်ပျိုးထားသည့် ပရဆေးပင်များကိုအသုံးပြု၍ ထုတ်လုပ်ထားသည့် ချင်းပျားရည်၊ ကြက်သွန်ဖြူပျားရည်၊ ရဲယိုသီးဖျော်ရည်နှင့် ရှူဆေးတို့ကို ကျောင်းသားများ၏လက်ရာ ကြိမ်ခြင်းဖြင့် ဂါရဝလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ကျောင်း၏မြဇရာခန်းမ၌ ပညာရည်မြင့်မားရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနား အစီအစဉ်ကို ကျင်းပရာ ကျောင်းသူ ထိုက်ထိုက်စံက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

## စွမ်းရည်များပြသ

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက တေးသီချင်းနှင့် သရုပ်ဖော်အစီအစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုယိမ်းအကဖြင့် လည်းကောင်း ဂီတ၊ ရသစွမ်းရည်များကို ပြသကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးစန်းဝင်းက မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ စာသင်ခန်းနှင့် ကျောင်းသားဦးရေအခြေအနေ၊ တက္ကသိုလ်ဝင် စာမေးပွဲနှစ်အလိုက် အောင်ချက်ရာခိုင်နှုန်းနှင့် စံပြကျောင်းအဖြစ် ပေါ်ထွက်လာအောင် ကြိုးပမ်းနေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီအောင်က ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းအမှုဆောင်များ စုပေါင်း၍ ကျောင်းသား ကျောင်းသူများအား ခေတ်မီသင်ထောက်ကူပစ္စည်းများ အသုံးပြုပညာသင်ကြားခွင့်ရရှိရေး ဝိုင်းဝန်းကြိုးပမ်းခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေပေးအပ်လှူဒါန်းကြရာ Super Seven Stars International Trading Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးစံလင်းနှင့် ဇနီး ဒေါ်ရည်မွန်စိုးဝင်းတို့က ငွေကျပ် သိန်း ၃၀ ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကွန်ပျူတာသုံးလုံးကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် သိန်း ၂၀၊ အထက(၁) မင်္ဂလာဒုံ ကျောင်းသားဟောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးက ငွေကျပ်တစ်သိန်း၊ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းနောင်က ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီး ဦးသန်းအောင်ထံ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆွေက ငွေကျပ်တစ်သိန်း၊ အထက(၁)မင်္ဂလာဒုံကျောင်းသားဟောင်း ဖြိုးပြည့်ဝင်းကုမ္ပဏီမှ ဦးခင်မောင်ရင်က ငွေကျပ်နှစ်သိန်း၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသားများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မောင်မျိုးဇော်အောင်က ငွေကျပ် ၁၅၀၀၀၀၊ စုပေါင်းအလှူရှင်များက ငွေကျပ် ၁၃၃၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ဦးစိုးမြင့်နှင့် ဒေါ်ခင်လေးရီ(နယူးရွှေစင်ရတနာရွှေဆိုင်)တို့က ငွေကျပ် ၁၈၀၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကံမြင့်(ငြိမ်း)က ငွေကျပ်တစ်သိန်း၊ အထက(၁) မင်္ဂလာဒုံကျောင်းသားဟောင်း ဦးအန့်ကူ(တူးအင်ဝမ်းစားသောက်ဆိုင်) က ငွေကျပ်တစ်သိန်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ၂၀၀၂ပညာသင်နှစ်ဘွဲ့ရ၊ ဘွဲ့ကြိုနှင့်ဘွဲ့လွန်ဒီပလိုမာ ကျောင်းသား ကျောင်းသူများက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းထံ အထက(၁) မင်္ဂလာဒုံ သက်သာဆိုင်ခန်းများအဖွဲ့က ငွေကျပ်တစ်သိန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါ်ယဉ်ယဉ်စိုး(One Wish စားသောက်ဆိုင်)က ငွေကျပ်ခုနစ်သောင်း၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲခြောက်ဘာသာဂုဏ်ထူးရှင် မပန်းအိစံက ငွေကျပ်ခြောက်သောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်မင်းသိန်းထံ မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသိန်းလွင်က ငွေကျပ်ငါးသောင်း၊ မြန်မာ စီပီလိုက်ကုမ္ပဏီက ငွေကျပ်ငါးသောင်း၊ ဦးမြင့်စိုး-ဒေါ်ရှင်မိနှောင်းတို့က ငွေကျပ်ငါးသောင်း၊ တပ်မတော်အထည်ချုပ်စက်ရုံမှ ကျောင်းသားမိဘများက ငွေကျပ်ငါးသောင်း၊ သိန်းထွန်းအောင်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးက ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

## ထိရောက်စွာဆောင်ရွက်

ထို့နောက် ဝန်ကြီးဦးသန်းအောင်က ကျေးဇူးတင်စကားပြောကြားရာ၌ နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ စေတနာရှင်အလှူရှင်များ၏ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ခေတ်မီသင်ထောက်ကူပစ္စည်းများကို ကျောင်းသားကျောင်းသူများ သုံးစွဲလေ့ကျင့်နေနိုင်ကြပြီဖြစ်ကြောင်း၊ ယင်းခေတ်မီ မီဒီယာပစ္စည်းများကို အသုံးပြု၍ ပညာသင်ကြားမှု၊ သင်ယူမှု လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ဤကျောင်းမှ ခြောက်ဘာသာ ဂုဏ်ထူးရှင် မပန်းအိစံကို မွေးထုတ်နိုင်ခဲ့ပြီဖြစ်ရာ အလားတူထူးချွန်ထက်မြက်သူများ ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား လိုက်လံနှုတ်ဆက်သည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်း အကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**



# မိုဆူးလ်မြို့တွင် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ ကားဗုံးခွဲတိုက်ခိုက်ခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၁၀

**အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ ကားဗုံးခွဲတိုက်ခိုက်ခံရကြောင်း၊ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်ဟု စနေနေ့ထုတ် အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။**

မိုဆူးလ်မြို့ ပါလက်စတိုင်းရပ်ကွက်ရှိ လမ်းတစ်လမ်း၌ ဝါယာကြိုးများဖြင့် ထုပ်ပိုးထားသောအထုပ်တစ်ခုဖြင့်လည်း ပထမဆုံးအကြိမ်အဖြစ် အီရတ်ရဲတပ်ဖွဲ့ တိုက်ခိုက်ခံခဲ့ရသေးသည်။

**ပစ်ခတ်တိုက်ခိုက်**

အဆိုပါ ဗုံးခွဲတိုက်ခိုက်သည့် မော်တော်ယာဉ်သည် အမေရိကန်နှင့် အီရတ်ရဲတပ်ဖွဲ့အနီး ချဉ်းကပ်လာချိန်တွင် လက်နက်ငယ်များနှင့် ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ သို့သော် တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

တစ်ချိန်တည်းမှာပင် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့က မိုဆူးလ်မြို့အနောက်ဘက်တွင် တိုက်ခိုက်ရေးသမားဟု သံသယရှိသူ ၁၄ဦးတို့အား အေကေ ၄၇ စက်သေနတ်များအပါအဝင် လက်နက်အချို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ဖမ်းဆီး**

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် သံသယရှိသော အီရတ်တစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားသည်ကို အောက်တိုဘာ ၉ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ- အင်တာနက်)

# အီရတ်၌ ဒုက္ခကြုံလျှင် ကူညီသူရှိမည်မဟုတ် အီရတ်၌ ပျောက်ဆုံးနေသူ၏ညီမက သတိပေးခဲ့

ကွန်ကော့ဒ် အောက်တိုဘာ ၁၁

**ဝီလီယံဘရက်ဒ်လီဆိုသူ ထရပ်ကားယာဉ်မောင်း အီရတ်၌ပျောက်ဆုံးသွားခဲ့ချိန်မှစပြီး သူနှင့်ပတ်သက်သည့် သတင်းများသိရှိနိုင်ရန် မိမိတို့၏ မရေမတွက်နိုင်သော ကြိုးပမ်းအားထုတ်မှုများသည် အရာမမြောက်ခဲ့ကြောင်း ဘရက်ဒ်လီ၏ ဆွေမျိုးသားချင်းများက ပြောဆိုခဲ့ကြသည်။**

ဘရက်ဒ်လီနှင့် ပတ်သက်သည့် သတင်းယခုထိ ဘာတစ်ခုမျှ မကြားရကြောင်း ဘရက်ဒ်လီ၏ ညီမဖြစ်သူ ဒွန်နာကူယာတန်က ကားလ်ဘက်ဒ်မြို့ရှိ သူမ၏နေအိမ်မှနေ၍ ပြောကြားသည်။

**ပျောက်ဆုံးသွား**

ဘရက်ဒ်လီသည် ဧပြီ ၉ရက်၌ ဘဂ္ဂဒက်မြို့ပြင်တွင် သူ၏လောင်စာဆီတင်ယာဉ်တန်းအား ခုခံတိုက်ခိုက်ရေးသမားတို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး ပျောက်ဆုံးသွားခဲ့သည်။

ထိုယာဉ်တန်း၌ပါရှိသော အခြားနှစ်ဦးဖြစ်သူ အမေရိကန် အထူးတပ်ဖွဲ့ဝင် ကိသ်အမ်မော်ပင်နှင့် တီမိုသီဘဲလ်တို့နှစ်ဦးလည်း ပျောက်ဆုံးနေဆဲဖြစ်သည်။

သောမတ်စ်ဟမင်လ်ဆိုသူသာလျှင် ၎င်းအား ဖမ်းထားသူများလက်မှ လွတ်မြောက်လာနိုင်ခဲ့သည်။

**မကူညီ**

ဘရက်ဒ်၏ညီမဖြစ်သူ ကူယာတန်က အီရတ်သို့မသွားရန် မိမိတားခဲ့ကြောင်း၊ သွားမည်ဆိုလျှင် ဒုက္ခတစ်ခုခုနှင့် ကြုံမည်ဖြစ်ပြီး ထိုအခါ မည်သူမျှ အကူအညီပေးမည်မဟုတ်ကြောင်း ဒရက်ဒ်လီကို မိမိပြောကြားခဲ့သည်ဟု ပြောဆိုခဲ့သည်။ **( အင်တာနက် )**

# ဗြိတိသျှစာစာခံ သေဆုံးခဲ့သည့်အတွက် တိုနီဘလဲနုတ်ထွက်ရန် ဗြိတိန်ပြည်သူများ ပြောကြား

လန်ဒန် အောက်တိုဘာ ၁၀

အီရတ်တွင် ဗြိတိသျှဓားစာခံတစ်ဦး အသတ်ခံရခြင်းအတွက် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ ရာထူးမှနုတ်ထွက်ပေးသင့်ကြောင်း ဗြိတိသျှနိုင်ငံသားသုံးဦးလျှင် တစ်ဦးထက်မကက ပြောကြားကြောင်း တနင်္ဂနွေနေ့၌ပြုလုပ်သော လူထုသဘောထားခံယူချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဗြိတိသျှဓားစာခံ ဘစ်ဂလီ သေဆုံးခဲ့သည့်အချိန်မှ ပထမဦးဆုံး ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့သည့် သဘောထားခံယူချက်ကို သည်မေးလ်သတင်းစာက တနင်္ဂနွေနေ့တွင်ဖော်ပြရာ၌ ဝန်ကြီးချုပ် တိုနီဘလဲ ရာထူးမှဆင်းပေးရန် ဆန္ဒရှိသူမဲဆန္ဒရှင်များမှာ ၃၆ရာခိုင်နှုန်းရှိကြောင်း ဖော်ပြခဲ့သည်။

အီရတ်တွင် လက်နက်ကိုင်ခုခံတိုက်ခိုက်ရေးသမားက သတ်ဖြတ်ခဲ့သည့် ဗြိတိသျှဓားစာခံ ဘစ်ဂလီ ပြန်လည်လွတ်မြောက်ရေးအတွက် တိုနီဘလဲ၏ လေဘာပါတီအစိုးရက တစ်စုံတစ်ရာဆောင်ရွက်ပေးခဲ့သည်ဟု ယုံကြည်သူ ၅၉ရာခိုင်နှုန်းရှိနေချိန်တွင် ၆၅ရာခိုင်နှုန်းက ဘစ်ဂလီသေဆုံးခဲ့ရခြင်းအပေါ် တိုနီဘလဲက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း ပြောကြားသည်။

ကွန်ဆာဗေးတစ်ပါတီ နှစ်ပတ်လည်ညီလာခံပြုလုပ်ပြီးနောက် သည်ဆန်းဒေးတယ်လီဂရပ်က နောက်ဆုံးကောက်ယူသော စစ်တမ်းတွင် ကွန်ဆာဗေးတစ်ပါတီကို ထောက်ခံသူ ၃၀ရာခိုင်နှုန်းရှိနေချိန်တွင် တိုနီဘလဲ၏လေဘာပါတီက ကိုးမှတ်အကွာဖြင့် နောက်မှလိုက်နေကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဘစ်ဂလီကို ကယ်ဆယ်ရန် ဘလဲလျစ်လျူရှုခဲ့

လန်ဒန် အောက်တိုဘာ ၁၁

**အီရတ်နိုင်ငံတွင် အီရတ်လက်နက်ကိုင် ပြန်ပေးအုပ်စုတစ်စုက ဖမ်းဆီးခဲ့သည့် ဗြိတိန်နိုင်ငံသား ကင်းနက်ဘစ်ဂလီသည် ယမန်နေ့က အသတ်ခံလိုက်ရပြီဖြစ်သည်။ ဗြိတိသျှဓားစာခံ ဘစ်ဂလီသည် ၎င်း၏အသက်ကို ချမ်းသာပေးပါရန် ဗီဒီယိုတိပ်ခွေထဲမှ ပြောကြားခဲ့သည်။**

**လျစ်လျူရှု**

**၎င်းသေဆုံးမှုကြောင့် သူ၏မိသားစုဝင်များနှင့် အချို့မှာ ဝမ်းနည်းဒေါသထွက်ခဲ့ကြရသည်။ ဗြိတိန်ဓားစာခံ ဘစ်ဂလီသည် ၎င်းမသေဆုံးခင် သီတင်းပတ်များက သူ၏အသက်ကို ကယ်ဆယ်ပေးပါရန် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲထံ တိုက်ရိုက်ပန်ကြားခဲ့သော်လည်း လျစ်လျူရှုခြင်းခံခဲ့ရသည်။**

**အသတ်ခံရ**

**ဗြိတိသျှဓားစာခံ ဘစ်ဂလီသည် အဘူမူဆက် အယ်လ်ဇာကာဝီအား သစ္စာခံသော လက်နက်ကိုင်များက ပြန်ပေးဆွဲထားသည့် ဓားစာခံသုံးဦးအနက် တစ်ဦးဖြစ်ပြီး အထိန်းသိမ်းခံရစဉ် သီတင်းတစ်ပတ်အတွင်း ဓားစာခံ အမေရိကန်နိုင်ငံသားနှစ်ဦး အသတ်ခံခဲ့ရသည်။**

**ဖော်လူဂျာမြို့ရှိ အယ်လ်ဇာကာဝီ၏ ခြေကုပ်စခန်းဟု သံသယရှိရာနေရာများကို အမေရိကန်စစ်ဘက်က လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့အီရတ်များစွာ သေဆုံးခဲ့ကြောင်း ဖော်လူဂျာမြို့ရှိ ဆရာဝန်များက ပြောကြားကြသည်။** (စီအင်န်အင်န်)

# ရှားပါးပစ္စည်းခိုးယူသည့် အဖွဲ့အား အီရတ်၌ ဖမ်းဆီးရမိ

ဘဂ္ဂဒက် အောက်တိုဘာ ၁၀

**ဘဂ္ဂဒက်မြို့တွင် အနီရောင်ရှိသောပြဒါးကို ခိုးထုတ်နေသောအဖွဲ့တစ်ဖွဲ့အား အီရတ်စစ်ဘက်က ဖမ်းဆီးရမိခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာခဲ့သည်ဟု စနေနေ့ထုတ် အယ်ဆာဘတ်အလ်လာဒက် သတင်းစာက ဖော်ပြသည်။**

**ဖမ်းဆီး**

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ကာ့ဒ်နယ်တွင် အရောင်းအဝယ်ပြုလုပ်စဉ် အဆိုပါ အနီရောင် ပြဒါးများနှင့်အတူ လူလေးဦးပါ အဖွဲ့ကို အီရတ်ထောက်လှမ်းရေးများက ဖမ်းဆီးခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားသည်။

**ကြိုးစား**

အဆိုပါအဖွဲ့သည် ရှားပါးသော ပစ္စည်းဖြစ်သည့် အနီရောင်ပြဒါး တစ်ကီလိုကို အမေရိကန်ဒေါ်လာ ၃၀၀၀၀ဖြင့်ကုန်သည်များအားရောင်းချရန် ကြိုးစားခဲ့ကြောင်း အီရတ် ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

**ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားသည့်နေရာတွင် စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ အင်တာနက်)



# ဗြိတိသျှဓားစာခံ အသတ်ခံရသည့် သတင်းကြောင့် ကမ္ဘာကြီးတုန်လှုပ်ချောက်ချားခဲ့ရ

ဘဂ္ဂဒက် အောက်တိုဘာ ၁၁

**ဗြိတိသျှဓားစာခံ သတ်ဖြတ်ခြင်းခံရသည်ဆိုသော သတင်းကြောင့် တစ်ကမ္ဘာလုံး တုန်လှုပ်ချောက်ချားခဲ့ရပြီး ဇန်နဝါရီလ၌ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီတရားဥပဒေစိုးမိုးရေး အီရတ်နိုင်ငံ၌ ပြန်ရရန် ကြိုးပမ်းနေသော အီရတ်ဝန်ကြီးချုပ် အီယက်ဒ်အလာဝီအတွက်လည်း စိန်ခေါ်မှုကြီး ဖြစ်လာခဲ့သည်။**

အဆိုပါ ဗြိတိသျှဓားစာခံ အသတ်ခံလိုက်ရပြီဆိုသော သတင်းသည် ရွေးကောက်ပွဲအတွက် သမ္မတဘုရှ်နှင့် ပြိုင်ဘက် ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီတို့ ဒုတိယအကျော့ စကားအချေအတင် ပြောဆိုကြချိန်နှင့် အီရတ်ရှိ အမေရိကန်၏ အပေါင်းပါနိုင်ငံများနှင့် ဆွေးနွေးရန်အတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစ်ဖဲလ် ပင်လယ်ကွေ့ဒေသသို့ သွားရောက်ချိန်တွင် ပေါ်ပေါက်လာခဲ့သည်။ ဘစ်ဂလီ အသတ်ခံလိုက်ရပြီဖြစ်ကြောင်း သောကြာနေ့၌ သူ၏မိသားစုက ကြေညာခဲ့ပြီး ဘစ်ဂလီအား သတ်ဖြတ်မှုကို ရိုက်ကူးထားသော ဗီဒီယိုတိပ်ခွေကို ရရှိထားသည့် အဘူဒါဘီ ရုပ်မြင်သံကြားက အတည်ပြုခဲ့သည်။

အဘူမူဆက်အယ်လ်ဇာကာဝီ နှင့် အဆက်အသွယ်ရှိသော ပြန်ပေးအုပ်စုက ဗြိတိသျှဓားစာခံ ဘစ်ဂလီကို သတ်ဖြတ်လိုက်သည့်အတွက် ခုခံတိုက်ခိုက်ရေးသမားတို့ သိမ်းပိုက်ထားသော မြို့ကြီးများအား ပြန်သိမ်းမည်ဟု ဆိုထားသော အီရတ်အစိုးရအပေါ် ဖိအားများတိုးလာခဲ့သည်။ အီရတ်တွင် နိုင်ငံခြားသား အလုပ်သမားများအား ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့က ပြန်ပေးဆွဲ သတ်ဖြတ်ခဲ့ရာ ယခုအခါအသတ်ခံရသော နိုင်ငံခြားသား အလုပ်သမား ၂၉ဦးအထိရှိသွားပြီဖြစ်သည်။ **(အင်တာနက်)**

# မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှု သိသိသာသာလျော့နည်းကျဆင်းလျက်ရှိ ကုလသမဂ္ဂအဖွဲ့ကြီးက ကွင်းဆင်းလေ့လာချက်အစီရင်ခံစာ အတည်ပြုထုတ်ပြန် နှစ်ပေါင်း ၁၀၀ကျော် ဘိန်းစိုက်ပျိုးမှုအမွေဆိုး ပပျောက်သွားနိုင်ဟုဆို

UNITED NATIONS
Office on Drugs and Crime
UNODC Myanmar Country Office

11(A) Mailkha Road
Mayangone Township
Yangon,Union of Myanmar
Telephone: +95 1 666903, 650271, 660556
Fax: +95 1 651334
E-mail: fo.MYANMAR@unodc.org
Website: http://www.unodc.org/myanmar/

**ဘရပ်ဆဲလ် အောက်တိုဘာ ၁၁**

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးက ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှု ကွင်းဆင်းတိုင်းတာလေ့လာတွေ့ရှိချက်ကို ယနေ့ထုတ်ပြန်ကြေညာသည်။ ယခုနှစ် ဘိန်းစိုက်ပျိုးဧရိယာမှာ ၂၀၀၃ ခုနှစ်ကထက် ၂၉ ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားကြောင်း ကွင်းဆင်းလေ့လာချက်တွင် ဖော်ပြထားသည်။

၎င်းဒေသအတွင်း ဘိန်းစိုက်ပျိုးမှုဧရိယာမှာ ဟက်တာ၄၄,၂၀၀မျှရှိသည်ဟု ခန့်မှန်းသည်။ ယင်းမှာ ၁၉၉၆ ခုနှစ်က ဟက်တာ ၁၆၃၀၀၀ စိုက်ပျိုးခဲ့ခြင်းနှင့် နှိုင်းယှဉ်လျှင် ၇၃ ရာခိုင်နှုန်း လျော့နည်းကျဆင်းခြင်းဖြစ်ကြောင်း မြင်တွေ့နိုင်သည်”ဟု ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး UNODCအမှုဆောင်ညွှန်ကြားရေးမှူး အင်တိုနီယို မာရီယာကော့စတာက ပြောကြားသည်။

အင်တိုနီယိုမာရီယာကော့စတာက ဘရပ်ဆဲလ်မြို့ လူထုပရိသတ် ရှေ့မှောက်၌ ဆက်လက်ပြောကြားရာတွင် “မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် အတိမ်းအစောင်းမခံသည့် စိန်ခေါ်မှုနှစ်ရပ်နှင့် ရင်ဆိုင်နေရကြောင်း၊ ရှေးဦးစွာ မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အမြဲတမ်းကျဆင်းအောင် ဆောင်ရွက်ရန် ဖြစ်ကြောင်း၊တစ်ချိန်တည်းမှာပင် လောလောဆယ် ဆင်းရဲနွမ်းပါးစွာ စိုက်သည့်အိမ်ထောင်စုများ၏ ပျမ်းမျှဝင်ငွေထက် ၃၀ ရာခိုင်နှုန်း ပိုမိုမြင့်မားနေခြင်းပင်ဖြစ်သည်။

“ဆင်းရဲနွမ်းပါးမှုနှင့် ကြုံတွေ့နေသော တောင်သူအချို့အတွက် ဘိန်းသည်သာ နောက်ဆုံးအားထားမှီခိုစရာ တစ်ခုဖြစ်နေကြောင်း” မစ္စတာကော့စတာကပြောသည်။

“မြန်မာနိုင်ငံရှိ ဘိန်းစိုက်တောင်သူများအား မိမိတို့က အခြေခံလူမှုရေး လိုအပ်ချက်များ ဖြည့်ဆည်းမပေးလျှင် ၎င်းတို့အနေဖြင့် ဆင်းရဲမှုနှင့် ဘိန်းစိုက်ပျိုးမှု သံသရာမှ မည်သည့်အခါမျှ ရုန်းထွက်နိုင်မည်မဟုတ်ဟု”မစ္စတာကော့စတာက ထည့်သွင်းပြောကြားလိုက်သည်။

# ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးက ထုတ်ပြန်သည့် ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှု ဆန်းစစ်လေ့လာချက်

- ၂၀၀၄ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှုဧရိယာဟက်တာ ၄၄,၂၀၀ ရှိသည်။ ယင်းမှာ ၂၀၀၃ခုနှစ်ကထက် ၂၉ ရာခိုင်နှုန်းလျော့နည်းပြီး ၁၉၉၆ခုနှစ်ကထက် ၇၃ ရာခိုင်နှုန်းလျော့နည်းသွားခြင်းဖြစ်သည်။ ရာသီဥတုဆိုးရွားသဖြင့် ပျမ်းမျှဘိန်းထွက်ပမာဏ ကျဆင်းသည်။ မြန်မာနိုင်ငံအတွင်း ဘိန်းထုတ်လုပ်မှုပမာဏစုစုပေါင်း မက်ထရစ်တန် ၃၇၀ ခန့်ရှိသည်ဟုခန့်မှန်းသည်။ ယင်းမှာ ၂၀၀၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၅၄ ရာခိုင်နှုန်း လျော့နည်းသည်။
- ၂၀၀၄ခုနှစ်တွင် ပျမ်းမျှဒေသပေါက်ဈေးမှာ ဘိန်းတစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၂၃၄ ရှိသည်။ ၂၀၀၃ခုနှစ်ကထက် ၈၀ ရာခိုင်နှုန်းပိုမိုသည်။
- ၂၀၀၄ ခုနှစ် ဘိန်းထွက်ရှိမှု ဒေသတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၇ သန်းဖြစ်သည်။
- စာရင်းကောက်ယူချက်အရ မြန်မာနိုင်ငံ၌ဘိန်းစိုက်ပျိုးမှုတွင် အိမ်ထောင်စု ၂၆၀၀၀၀ ပါဝင်သည်ဟု ခန့်မှန်းရသည်။ ပျမ်းမျှအိမ်ထောင်စုတစ်စုအနေဖြင့် ဘိန်းရောင်းရငွေမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၃၃ သာ ရရှိသည်။ ယင်းဝင်ငွေပမာဏမှာ အိမ်ထောင်စုတစ်စု၏ ပျမ်းမျှနှစ်စဉ်စုစုပေါင်းဝင်ငွေ အမေရိကန် ဒေါ်လာ ၂၁၄၏ ၆၂ ရာခိုင်နှုန်းမျှသာ ဖြစ်သည်။ မတူသည်ကတော့ ဘိန်းမစိုက်သည့် တောင်သူအိမ်ထောင်စုတွင် နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၇၆ ရရှိနေခြင်းပင်ဖြစ်သည်။
- **ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်သည့် စာရင်းကောက်ယူချက်မှာ ဂြိုဟ်တုဓာတ်ပုံများနှင့် မြေပြင်ကွင်းဆင်းတိုင်းတာချက်များပါပြုလုပ်သည့် ဆန်းစစ်လေ့လာမှုဖြစ်သည်။ ကျေးရွာ ၅၉၈ ရွာသို့ ကွင်းဆင်းပြီး ဘိန်းခင်း ၆၉ခင်းကိုကြည့်ရှုကာ အိမ်ထောင်စု ၆၅၉၂စုတို့ကို တွေ့ဆုံမေးမြန်းမှုများနှင့်အတူ ဂြိုဟ်တုဓာတ်ပုံ ၅၉ ပုံဖြင့် ဆန်းစစ်လေ့လာမှုပြုခဲ့ခြင်းဖြစ်သည်။**
- **စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်များအတွင်း ပထမအကြိမ် ရုတ်ခြည်းအကဲဖြတ်ဆန်းစစ်လေ့လာမှုများပြုလုပ်ရာတွင် ဘိန်းကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးခြင်းမရှိကြောင်း တွေ့ရသည်။**

ထို့နောက် နိုင်ငံတကာ အကျပ်အတည်းဖြေရှင်းရေးအုပ်စု (ICG) ဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးအရာရှိချုပ် မစ္စတာ ဂါးရက်အီဗန်က ပြောကြားရာတွင် “မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှု သိသိသာသာ လျော့နည်းသွားမှုကဲ့သို့သော အစီရင်ခံစာကို ကုလသမဂ္ဂအဖွဲ့ကြီးက တင်သွင်းနိုင်ခြင်းမှာ များစွာအားရစရာကောင်းကြောင်း၊ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် ဒေသခံပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်းများ ပေးရန်နှင့် ဘိန်းစိုက်ပျိုးမှုရေရှည်ကျဆင်းစေရန် ပိုမိုကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆင်းရဲမှုလျော့နည်းရေးနှင့်တကွ ၎င်းဒေသအတွင်း များစွာ အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးနှင့်တကွ ပဋိပက္ခများ၊ ရောဂါဘယများစသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် အလှူရှင်နိုင်ငံများအနေဖြင့် မဟာဗျူဟာသစ်များ ချမှတ်ကာ ကုလသမဂ္ဂနှင့် အခြားသော အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်သွားကြရန် ICG က အကြံပြု တိုက်တွန်းထားကြောင်း” ထုတ်ဖော်ပြောကြားသည်။

“မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်တကွ မူးယစ်ဆေးဝါးထိန်းချုပ်ရေးတို့ကို တစ်မျိုးသားလုံး နှစ်မြုပ်အားသွန် ကြိုးပမ်းသွားရန်တို့မှာ ကုလသမဂ္ဂက အခါအခွင့်သင့်တိုင်း တိုက်တွန်းပြောကြားထားသည့် ရည်မှန်းချက်များဖြစ်ကြောင်း၊ ဘိန်းစိုက်ပျိုးခြင်းမှရရှိသော ဝင်ငွေဆုံးရှုံးခြင်းဖြင့် ဆိုးဆိုးရွားရွားထိခိုက်မည့် မြန်မာနိုင်ငံအတွင်းမှ ထိုမိသားစုများအတွက် အစားထိုးဝင်ငွေရှာဖွေပေးခြင်းဖြင့် ၎င်းလုပ်ငန်းစဉ်ကို ထောက်ခံရန် နိုင်ငံတကာ အလှူရှင် အသိုက်အဝန်းတွင် တာဝန်ရှိကြောင်း”ဖြင့်လည်း မစ္စတာကော့စတာက ကောက်ချက်ချပြောကြားသွားသည်။

UNODC နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တို့ပူးတွဲပြုစုသည့် ၎င်းကွင်းဆင်းလေ့လာချက်တွင် မူးယစ်ဆေးဝါးသုံးစွဲမှုဆိုင်ရာ ကိန်းဂဏန်းများကိုလည်း ဖော်ပြထားသည်။၎င်းကွင်းဆင်းလေ့လာချက်သည် ဂြိုဟ်တုဓာတ်ပုံ ရိုက်ယူချက်များနှင့်အတူ မြေပြင်တွင် ကွင်းဆင်းစာရင်းကောက် လေ့လာတွေ့ရှိမှုများကို အခြေခံပြုစုထားခြင်းဖြစ်သည်။ ။

**(ယူအင်န်အိုဒီစီ)**



**မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မြန်မာ–အမေရိကန် နှစ်နိုင်ငံအစိုးရ ပူးပေါင်းဆောင်ရွက်မှု (၉)ကြိမ်မြောက်အစီအစဉ်အဖြစ် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလအတွင်းက ရှမ်းပြည်နယ်အတွင်းရှိ ဘိန်းအစားထိုး သီးနှံစိုက်ခင်းများကို ၎င်းသို့ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။**
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)




**၂၀၀၂ခုနှစ် ဇွန် ၇ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အားကစားကွင်းတွင် တောင်သူများအပ်နှံသည့် ဘိန်းမျိုးစေ့များနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ၎င်းသို့ မီးရှို့ဖျက်ဆီးခဲ့သည်။**
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

တွေ့ရသည်။ ၂၀၀၄ ခုနှစ် ဘိန်းထုတ်လုပ်မှုမှာ မက်ထရစ်တန် ၃၇၀ ရှိရာ ၂၀၀၃ ခုနှစ်ကထက် ၅၄ ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားသည်။မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်သည် တစ်နိုင်ငံလုံး စုစုပေါင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပဏာမ၏ ၉၉ ရာခိုင်နှုန်းကျော်ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

“အလားတူပင်၂၀၀၄ခုနှစ်အတွင်း လာအိုနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၀၃ခုနှစ်ကထက် ၄၅ ရာခိုင်နှုန်း လျော့နည်းကျဆင်းလျက်ရှိရာ ယခုအတိုင်းသာ ဆက်လက်ကျဆင်းသွားမည်ဆိုလျှင် ရွှေတြိဂံနယ်မြေအတွင်း နှစ်ပေါင်း ၁၀၀ကျော် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာအဆုံးသတ်သွားနိုင်သည့် အလားအလာကို မိမိတို့နေထိုင်အသက်မွေးနေကြရသည့် ဘိန်းစိုက်တောင်သူ မိသားစုများအား ခြိမ်းခြောက်နေသည့် လူမှုဒုက္ခကို ဖယ်ရှားပစ်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်သွားရမည် ဖြစ်ကြောင်း” ထည့်သွင်းပြောကြားသည်။

UNODC°၏ ကွင်းဆင်းလေ့လာချက်အရ ၂၀၀၄ ခုနှစ်အတွင်းတွင် အိမ်ထောင်စု ၂၆၀၀၀၀ တို့မှာ ဘိန်းစိုက်ပျိုးမှုတွင် ပါဝင်နေသည်။ အများစုသည်ဝေးလံခေါင်ပါးသောတောတောင်ထူထပ်သည့်ဒေသများတွင် နေထိုင်ကြပြီး ဘိန်းသည်သာသူတို့၏ အဓိကဝင်ငွေရရာ တစ်ခုတည်းသောလုပ်ငန်းအဖြစ်တည်ရှိနေသည်။ အရေးကြီးဆုံးတွေ့ရှိချက်မှာ ဘိန်းမစိုက်သည့် အိမ်ထောင်စုများ၏ ပျမ်းမျှဝင်ငွေက ဘိန်း

# ဒေသဝမ်းစာဖူလုံရုံဖြင့် တင်းတိမ်မနေဘဲ ပိုလျှံလာသည်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက် ဒို့တာဝန်အရေး(၃)ပါးကို နိုင်ငံသားအားလုံး မွေးရာပါတာဝန်အဖြစ် အသက်ထက်ဆုံးထိန်းသိမ်းစောင့်ရှောက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ကျရာကဏ္ဍက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်






မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၂

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် အောက်တိုဘာ ၈ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ညနေ ၃ နာရီတွင် ရောက်ရှိကြသည်။**

## ကြိုဆို

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အတွင်း ဆင်းရွှေလီပျားလိမ္မော်ပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ကလိုက်လံရှင်းလင်းပြသသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ကော်ဖီအပင် ၅၀၀၀၀၀နှင့် မက္ကဒေးမီးယားအပင် ၁၀၀၀၀ပျိုးဥယျာဉ်သို့ ရောက်ရှိရာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်တို့က မက္ကဒေးမီးယားမျိုးစေ့များစုဆောင်းရရှိမှု၊ စိုက်ပျိုးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပျိုးဥယျာဉ်ရှိ ပထမဆင့်ဖြစ်သည့် မက္ကဒေးမီးယားမျိုးစေ့နှင့်အစေ့ဆန်များ၊ ဒုတိယဆင့်ဖြစ်သည့် မက္ကဒေးမီးယားပျိုးပေါင်၊ တတိယဆင့်ဖြစ်သည့် မက္ကဒေးမီးယားပျိုးပင်ပေါက်၊ စတုတ္ထဆင့်ဖြစ်သည့်မက္ကဒေးမီးယား၊ ပျိုးပင်ကြီးနှင့် ပဉ္စမဆင့်ဖြစ်သည့် မက္ကဒေးမီးယားကိုင်းကူးပြီး အပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က မက္ကဒေးမီးယားပင် စိုက်ပျိုးနည်းစနစ်များနှင့်စပ်လျဉ်း၍ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စခန်းရုံး၏ဆင်းရွှေလီလိုက်ချီးအပင် ၁၀၀၀ နှင့် ပဲပုပ်သီးညှပ် ၁၀ဧကစိုက်ခင်းသို့ ရောက်ရှိကြပြီး မိုးတွင်းစိုက်ပျိုးထွက် ရှိသည့် ဆင်းရွှေလီပဲပုပ်စေ့များကို စစ်ဆေးကြည့်ရှုရာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ပဲပုပ်စိုက်ပျိုးထွက်ရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မိုးပဲပုပ်မှာ တစ်ဧက တင်း ၃၀ ထွက်ရှိခဲ့ပြီး ယခုစိုက်ပျိုးထားသည့် ဆောင်းပဲပုပ်မှာ ရက် ၄၀ သားနှင့် ဆင်းရွှေလီ လိုက်ချီးမှာ တစ်နှစ်ခွဲသား ရှိပြီဖြစ်ကြောင်း သိရှိရသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီစပ်မျိုးစပါး အက်ဖ်ဝမ်း(F-1)မျိုးစေ့သန့်စင် ထုပ်ပိုးခြင်းလုပ်ငန်းသို့ ရောက်ရှိကြပြီး ဆင်းရွှေလီ စပ်မျိုးစပါးကီလို ၃၀ အိတ်နှင့် တစ်ကီလိုဝင် အိတ်များ ထုပ်ပိုးမှုနှင့် ဆင်းရွှေလီစပါးပျိုးသက် ခုနစ်ရက်၊ ၁၃ ရက်နှင့် ရက် ၂၀ ရှိ ပျိုးပင်ပေါက်နှုန်းစမ်းသပ်မှု၊ ဆင်းရွှေလီဆန်နှင့် ထမင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယခုနှစ် နွေရာသီတွင် ဟူးမွန်ဆည်ရေသောက်ဧက ၁၂၀ မှ စပ်မျိုးစပါးများ ထုတ်လုပ်ခဲ့ရာ ယခုအခါ ဧက ၁၀၀၀၀ အတွက် စပ်မျိုးစပါးများ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) နှင့် အဖွဲ့ဝင်များသည် ဒေသစပါးဖူလုံရေးအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဆင်းရွှေလီအထူးအထွက်တိုး(F-1)စပ်မျိုးစပါး သုတေသနစိုက်ခင်းသို့ ရောက်ရှိကြရာ ပြည်နယ်စပါးမျိုးစေ့တာဝန်ခံ ဒေါ်လှမင်းက ဧကနှစ်သိန်းအတွက် (F-1)မျိုးစေ့ထုတ်လုပ်မည့် စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဝတ်မှုန်ကူးမှုအတွက် ဆောင်ရွက်နေမှုနှင့် ဆင်းရွှေလီ(၁)၊ဆင်းရွှေလီ(၂) နှင့် ဆင်းရွှေလီ(၃)စပါးသုတေသနစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆင်းရွှေလီစပ်မျိုးစပါး (F-1) မှာ တစ်ဧကတင်း၁၅၀မှ တင်း၂၀၀ အထိထွက်ရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များ၌ ယခုနှစ်မိုးရာသီ၌ ဧက ၁၀၈၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

## တက်ရောက်ချီးမြှင့်

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညနေ ၄ နာရီခွဲတွင် လားရှိုး–သိန်းနီလမ်းရပ်ကွက်(၁၂)ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်ဦးကြီးမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညနေ ၅ နာရီတွင် လားရှိုး မြို့တော်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များတက်ရောက်ကြသည်။

## ဖွံ့ဖြိုးတိုးတက်မှုတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၏တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်မှု၊ စီးပွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ နယ်စပ်ကုန်သွယ်မှု၊ မြေယာအသုံးချမှုနှင့် လယ်ယာစိုက်ပျိုးမှု၊ အဓိကသီးနှံ ၁၀ မျိုးထုတ်လုပ်နိုင်မှု၊ ဒေသဝမ်းစာဖူလုံမှု၊ စပ်မျိုးစပါး(F1)မျိုးစေ့ထုတ်လုပ်မှု၊ လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့်ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍစသည်တို့နှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိဦးဆောင်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သောအဖွဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ရောက်ရှိလာခြင်းမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၏ တင်ပြချက်များအရ ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများမှာ များစွာအားရဖွယ်ကောင်းကြောင်း၊ အထူးသဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် တပ်မတော်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လာမည့်နှစ်တွင် ဒေသဝမ်းစာဖူလုံမှုရှိလာမည့်အခြေအနေကိုတွေ့ရကြောင်း၊ ဒေသဝမ်းစာဖူလုံရုံဖြင့် တင်းတိမ်မနေကြဘဲ ဖူလုံသည့်အပြင် ပိုလျှံလာသည့်အခြေအနေအထိရောက်ရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် ကျန်စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကိုပါ တစ်ပြိုင်တည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ညီညီညွတ်ညွတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် စုပေါင်းပြီး ရှေးပဝေသဏီကတည်းက အေးအတူ

***စာမျက်နှာ ၁၂ ကော်လံ ၅ သို့***

**✳ ရှေ့ဖုံးမှ**

ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation မှ ဥက္ကဋ္ဌနှင့် ကျွမ်းကျင်ပညာရှင်များက ကြိုဆိုကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စက်ရုံစီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက နိုင်ငံတော်ဝန်ကြီးချုပ် တန်(၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်းသို့ ၂၀၀၃ခုနှစ် စက်တင်ဘာ၅ရက်က လာရောက်ကြည့်ရှုစစ်ဆေးစဉ် စက်ရုံဆောက်လုပ်ရေးလုပ်ငန်း ၇၆ဒသမ၅ရာခိုင်နှုန်းနှင့် စက်တပ်ဆင်မှု ၂၁ဒသမ ၅ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေရာမှ ယခုအခါ စက်တပ်ဆင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းနှစ်ရပ်စလုံး ရာခိုင်နှုန်းပြည့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ စက်ရုံကို Individual Test Run အတွက် ကြိုတင်ပြင်ဆင်ခြင်း၊ အပိုင်းလိုက်ဝန်မဲ့စမ်းသပ်ခြင်း၊ ရေဖြင့်စမ်းသပ်လည်ပတ်ခြင်း၊ စက်ရုံတစ်ခုချင်းစီအလိုက် စက်စမ်းသပ်လည်ပတ်ခြင်းစသည့် အဆင့်ဆင့်သော စက်စမ်းသပ်လည်ပတ်ခြင်း ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက တန်(၂၀၀) ပျော့ဖတ်စက်ရုံအတွက် အဓိကသွင်းအားစုများဖြစ်သည့် ဝါး၊ နေလှန်းဆား၊ ထုံးကျောက်၊ လျှပ်စစ်ဓာတ်အား၊ မီးထိုးဆီ၊ သဘာဝဓာတ်ငွေ့ လိုအပ်မှုအခြေအနေ၊ ကုန်ကြမ်းဝါးပေါက်ရောက်မှု၊ ထွက်ရှိမှုနှင့် ထုတ်လုပ်မှုအခြေအနေ၊ ကုန်းလမ်းနှင့် ရေလမ်းတို့ဖြင့် ဝါးသယ်ယူမှု၊ ဝါးကုန်ကြမ်း တိုးချဲ့စိုက်ပျိုးရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများ အခြေအနေ၊ ဓာတ်ငွေ့ပိုက်လိုင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းနေမှု အခြေအနေနှင့် ဝန်ထမ်းအင်အားအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**အစီအမံအတိုင်းဆောင်ရွက်**

ယင်းနောက် ဝန်ကြီးဦးအောင်သောင်းက စက်ရုံအတွက် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး သာပေါင်းပျော့ဖတ်စက်ရုံသည် နိုင်ငံတော်၏ လိုအပ်ချက်အရ ပေါ်ထွန်းလာသော စက်ရုံတစ်ရုံဖြစ်သည်နှင့်အညီ ဝန်ကြီးဌာနတစ်ခုတည်းသာမကဘဲ ဆက်စပ်ဆက်နွယ်သော အခြားဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များကပါ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်သွားကြရေး၊ ကုန်ကြမ်းဖြည့်ဆည်းရေးစီမံဆောင်ရွက်ရာတွင် မှန်ကန်တိကျသော ကိန်းဂဏန်း အချက်အလက်များရရှိရေးအတွက် အသေးစိတ်ကွင်းဆင်းလေ့လာ တိုင်းတာကြပ်မတ်ဆောင်ရွက်သွားကြရေး၊ မိမိတို့တာဝန်ယူဆောင်ရွက်ကြသော လုပ်ငန်းကဏ္ဍများအလိုက် တင်ပြပါစီမံကိန်းလုပ်ငန်း အစီအမံအတိုင်း ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သာပေါင်းမြို့ တန်(၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်းကို တာဝန်ယူတည်ဆောက်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation မှ ဥက္ကဋ္ဌ Mr.Xu နှင့် အဖွဲ့အား ဂုဏ်ပြုသစ်သီးခြင်းကို လက်ဆောင်ပေးအပ်သည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation မှ ဥက္ကဋ္ဌ Mr.Xu က အမှတ်တရလက်ဆောင်ပစ္စည်းကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation မှ ဥက္ကဋ္ဌ၊ ပညာရှင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သာပေါင်းမြို့ တန်(၂၀၀) ပျော့ဖတ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ပွင့်လင်းရာသီတွင် ဝါးဖြတ်စခန်းများသို့ ပေးပို့၍ ဝါးဖြတ်စများထုတ်လုပ်ပေးမည့် တစ်နေ့ ဝါးတစ်တန်စီ ဖြတ်နိုင်သော ဝါးဖြတ်စက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပျော့ဖတ်ဌာန (Pulping Plant)၌ စက်များ တပ်ဆင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပျော့ဖတ်ဌာန (Pulp Sheet Making Plant) ရှိ Wire Section, Press Section, Dryer Section တို့၌ စက်များ တပ်ဆင်ထားရှိမှုကိုလည်းကောင်း၊ Cutter Machine စက်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Recovery Plant နှင့် Thermal Power Plant တို့သို့ သွားရောက်ကြပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဌာနများအလိုက် ဒုတိယစက်ရုံမှူးများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပျော့ဖတ်စက်ရုံအတွက် ကုန်ကြမ်းဝါးများ စုဆောင်းထားရှိမှုကိုလည်းကောင်း၊ ခေတ်မီဝန်ချီစက်များပါရှိသည့် ဆိပ်ကမ်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။



**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရောဝတီတိုင်း သာပေါင်းမြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ တန်(၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း) စက်ရုံစီမံကိန်း ရှင်းလင်းဆောင်၌ တန်(၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်းကို တာဝန်ယူ တည်ဆောက်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation မှ ဥက္ကဋ္ဌ Mr.Xu နှင့် အဖွဲ့အား ဂုဏ်ပြုသစ်သီးခြင်း လက်ဆောင်ပေးအပ်စဉ်။**

**(သတင်းစဉ်)**

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တန်(၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ တန်(၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်းသည် သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီးတွင်တည်ရှိပြီး ၂၀၀၄ခုနှစ် ဧပြီ ၃၀ရက်တွင် ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ၂၀၀၄ခုနှစ် ဇူလိုင် ၁ရက်တွင် စက်စမ်းသပ်လည်ပတ်လျက်ရှိသည်။ တစ်နေ့တန်(၂၀၀) ပျော့ဖတ်စက်ရုံမှ ထွက်ရှိလာသော ပျော့ဖတ်တန် ၅၀ကို အဆင့်မြင့်စက္ကူများ ထုတ်လုပ်သွားရန်အတွက် တစ်နေ့လျှင်တန် ၅၀ အဆင့်မြင့်စက္ကူစက်ရုံနှင့် တစ်နေ့တန် ၆၀ သတင်းစာစက္ကူထုတ်လုပ်သည့် စက်ရုံတို့ကိုလည်း ဆက်လက်တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ဓနုဖြူကျိုက္ကလွန်ဖွန်း ဗုဒ္ဓပူဇနီယပွဲတော်

**ရန်ကုန် အောက်တိုဘာ ၁၂**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဓနုဖြူမြို့ ကျိုက္ကလွန်ဖွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ ပွဲတော်ကို အောက်တိုဘာ ၂၆ရက်မှ ၂၈ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်) မိသားစုများအနေဖြင့် ယခုနှစ်တွင် စိန္တာမုနိရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်းနှင့် မုန့်ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ရေးအတွက် အောက်တိုဘာ၂၇ရက်တွင် စုစည်းလိုက်ပါကြရန် နှိုးဆော်ထားသည်။ တစ်ဦးလျှင် ငွေကျပ်၂၀၀၀ဖြင့် ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်) အသင်းတိုက်မှ နံနက်၆နာရီတွင် ထွက်ခွာမည်ဖြစ်သည်။

လိုက်ပါလိုသူများ ဦးလှမြင့် (ဥက္ကဋ္ဌ) ဖုန်း-၂၂၄၃၉၁၊ ဦးမြင့်သိန်း (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၂၀၁၇၃၁၊ ဦးလှမြင့် (ရွှေဟင်္သာ) ဖုန်း-၂၅၂၇၉၃၊ ဦးကျော်ရီ (အတွင်းရေးမှူး) ဖုန်း-၅၄၁၈၂၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

## ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီစည်းဝေး နှစ်လယ်ကျောက်မျက်ရတနာပြပွဲ အောက်တိုဘာ ၂၇ရက်မှ နိုဝင်ဘာ၄ရက်အထိကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

**၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပပြီးစီးခဲ့သော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြန်လည်သုံးသပ်သည့်အစည်းအဝေးနှင့် အောက်တိုဘာအတွင်းကျင်းပမည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ညနေ၃နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပရာ ရတနာပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ ၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

**ကျင်းပရက်သတ်မှတ်**

ရှေးဦးစွာ ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ကျင်းပရန် သတ်မှတ်ကြသည်။ ထို့နောက် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ရန် ရတနာကုန်သည်များအား ဖိတ်ကြားမှုအခြေအနေနှင့် ပြန်ကြားချက်ရရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ လုံခြုံရေး၊ ပြန်ကြားရေးနှင့် စီမံရေးရာ ဆပ်ကော်မတီများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း တင်ပြကြရာ ဝန်ကြီးနှင့် ဗဟိုကော်မတီဝင်များက ပြန်လည်ဆွေးနွေးကြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် အထွေထွေအပိုင်းတွင် ၂၀၀၄ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် နိုင်ငံခြားငွေများ ပိုမိုတိုးတက် ရောင်းချရရှိနိုင်ရေးအတွက် ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ဗဟိုကော်မတီဝင်များ၏ အကြံပြုဆွေးနွေးချက်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးပြီး နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်ချောမောစွာ ကျင်းပရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ထားဝယ်အသင်း ဆွမ်းတော်ကြီးကပ်လှူပွဲ

**ရန်ကုန် အောက်တိုဘာ ၁၂**

ထားဝယ်အသင်းသူ အသင်းသားများသည် အောက်တိုဘာ ၂၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီမှည ၇နာရီအထိအသင်းတိုက်တွင် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများ၊ အလှူငွေများကို အသင်းတိုက်သို့ လာရောက်လှူဒါန်းနိုင်ကြောင်းနှင့် ကြွရောက်လာကြသော ဧည့်သည်များအား ထားဝယ်ရိုးရာမုန့်ဟင်းခါး၊ မုန့်အချိုတို့ဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၉၃၅၅)တိုက်ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**





**အမှာစကားပြောကြား**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

■ **ကျောဖုံးမှ**

အကျယ်အဝန်း၊ မြို့နယ်ဖွဲ့စည်းပုံ၊ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးမှု၊ ဂုန်လျှော်စိုက်ပျိုးမှု၊ အဓိကသီးနှံ (၁၀)မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နေမှု၊ ဒေသဆန်ဖူလုံမှုအခြေအနေ၊ မွေးမြူရေးနှင့် အသားထုတ်လုပ်မှုအခြေအနေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ဆောင်ရွက်မှု အခြေအနေများနှင့် မြို့နယ်၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သာပေါင်းမြို့နယ် ဌာနဆိုင်ရာများက မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စည်ပင်သာယာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို စိစစ်မေးမြန်းပြီး လိုအပ်ချက်အလိုက် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စီမံဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာပေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်က လက်ခံသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက လေ့ကြီးတက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ်သိန်း၂၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးဦးစောရွှေက လက်ခံသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ သာပေါင်းစက္ကူပျော့ဖတ် စက်ရုံ တည်ဆောက်ပြီးစီးနေမှုကို လာရောက်စစ်ဆေးကြည့်ရှုရင်း သာပေါင်း မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် တစ်ပါတည်း ဝင်ရောက်လာခြင်းဖြစ်ကြောင်း။

## အဆင်ပြေမှုတ

ဧရာဝတီတိုင်းသည် ဆန်ရေစပါးပေါများသလို သားငါးသယံဇာတလည်း ကြွယ်ဝသည့် ဒေသဖြစ်သဖြင့် ဧရာဝတီတိုင်းအတွင်းရှိမြို့နယ်များမှာ စားဝတ်နေရေး၊ လူမှုရေးအခြေအနေများ အဆင်ပြေမှုတကြသည်ကို တွေ့ရကြောင်း။

သို့သော်လည်း ဤမျှနှင့်နှစ်သိမ့်ရောင့်ရဲမနေကြဘဲမိမိတို့ မြို့နယ်တိုးတက်ဖွံ့ဖြိုးရေး၊ မြို့နယ်အလိုက် စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် ဝီရိယစိုက်ထုတ် အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

## အဓိကတည်မှီ

မြို့နယ်တစ်ခု တိုးတက်ဖွံ့ဖြိုးရေးတွင် မြို့နယ်၌ဦးဆောင်ဦးရွက်ပြုနေကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ထိုးထွင်းကြံဆမှု၊ ဝီရိယစိုက်ထုတ်မှုတို့အပေါ်တွင် အဓိကတည်မှီနေကြောင်း။

မိမိတို့မြို့နယ်အတွင်းရှိ စီးပွားရေးဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများကို ရှာဖွေဖော်ထုတ်ပြီး မြို့နယ်အတွက်အားထားရသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

သာပေါင်းမြို့နယ်သည် ရခိုင်ရိုးမနှင့်ဆက်စပ်နေသည့် ဒေသတစ်ခုဖြစ်ရာ ဒေသတွင်းဖြစ်ထွန်းနိုင်သော ဈေးကွက်ရှိ နှစ်ရှည်ပင်များဖြစ်သည့် ရော်ဘာ၊ ဝါး၊ ငရုတ်ကောင်း၊ ပဲပုပ်စသည့်အပင်များ စီးပွားဖြစ်စိုက်ပျိုးနိုင်ကြောင်း။

မိမိတို့မြို့နယ်အတွင်း လာရောက်တည်ဆောက်ထားသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ သာပေါင်းစက္ကူပျော့ဖတ်စက်ရုံကြီးမှာ ဝါးကုန်ကြမ်း အမြောက်အမြားသုံးစွဲ ရသည့် စက်မှုလုပ်ငန်းကြီးဖြစ်ရာ ဝါးကုန်ကြမ်းစိုက်ပျိုးပေးသွင်းမှုလုပ်ငန်းများ စီးပွားဖြစ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများပေါ်ထွန်းနေပြီဖြစ်ကြောင်း။

## စီးပွားရေးအခြေခံကောင်း

ဤကဲ့သို့ ဒေသအတွင်း စီပွားရေးဖြစ်ထွန်းနိုင်မည့် အလားအလာများကိုအခြေခံပြီး မြို့နယ်အဆင့်တာဝန်ရှိသူများက ဒေသခံပြည်သူများအား စည်းရုံးဦးဆောင်လျက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာအောင် အားပေးထောက်ကူကြရမှာဖြစ်ကြောင်း၊ ဌာနဆိုင်ရာများက အားပေးပံ့ပိုးမှုသာ ပုဂ္ဂလိကကဏ္ဍက အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်လာပြီး မိမိတို့မြို့နယ်၏ စီးပွားရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးတို့အတွက် မြို့နယ်များ၌ လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းပေးထားသည့်ကော်မတီများ အချင်းချင်းညှိနှိုင်းပေါင်းစပ်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

## ရည်မှန်းချက်ထားဆောင်ရွက်

နိုင်ငံတော်က အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကိုလည်း ဌာနဆိုင်ရာ အသီးသီးက လက်တွဲပေါင်းစပ်ပြီး အောင်မြင်ဖြစ်ထွန်းသည်အထိ ရည်မှန်းချက်ထားဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ကန်ရေကိုအများစု အားထားရသဖြင့် သောက်သုံးရေခက်ခဲသည့် ဒေသတစ်ခုဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် ကျေးရွာတိုင်းတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြဖို့လိုကြောင်း။

အလားတူပင် ကျေးလက်လမ်းများ ကောင်းမွန်ရေး၊ ကျေးလက်နေပြည်သူများ၏ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဌာနဆိုင်ရာများအားလုံး တက်ညီလက်ညီ စုပေါင်းဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ငပုတောမြို့တွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

ယနေ့မိမိတို့ရောက်ရှိစဉ်တွင်လည်း ဒေသ၏ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းနှင့် ဆက်သွယ်ရေး လိုအပ်ချက်များကို အဓိကထားပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

## မှန်ကန်သောဦးဆောင်မှု

နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် အခြေခံများပေါ် မူတည်ပြီး မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့် ဒေသခံပြည်သူများ၏လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် ဌာနဆိုင်ရာများက မှန်ကန်သောဦးဆောင်မှုဖြင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကိုရယူပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တက်ရောက်လာကြသော ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် လိုက်ပါလျက် သာပေါင်းမြို့မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာကြရာ ညနေ၃နာရီတွင် မြောင်းမြခရိုင် လပွတ္တာမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွင့်ဝင်းနှင့် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းကိုသီဆို၍ ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲအခမ်းအနားကို ကျောင်းရှေ့ဥပစာ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းကြည်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်အေးတို့က မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Application & e.Mail၊ Computer Aided Instruction, Electronic Media (Language Lab), Electronic Media (Video System), Printed Media (Reading Corner) နှင့် အိမ်တွင်းမှုနှင့် လက်မှုပညာပြခန်းတို့၌ ဆရာ ဆရာမများ၏ သင်ကြားပေးနေမှုနှင့် ကျောင်းသား ကျောင်းသူလေးများ၏ လေ့ကျင့်သင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ဂီတအနုပညာခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက ပြည်မြန်မာသီချင်းဖြင့် သီဆိုတင်ဆက်ကြသည်။

# နိုင်ငံတော်ကအလေးထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး( ၅ )ရပ် ဌာနဆိုင်ရာအသီးသီး လက်တွဲပေါင်းစပ်ပြီး အောင်မြင်ဖြစ်ထွန်းရေး ရည်မှန်းဆောင်ရွက်

### ရှင်းလင်းတင်ပြ

ယင်းနောက် လပွတ္တာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းကြည်က မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးလုပ်ငန်းများတွင် နည်းပညာများဖြင့် တိုးမြှင့်သင်ကြားသွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်အေးက မာလ်တီမီဒီယာ စာသင်ခန်းများပေါ်ပေါက်စေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့မှုအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လပွတ္တာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်း

### သီးခြားအစီအမံ

အထူးသဖြင့် ဒေသ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကို အလေးထားဖြည့်ဆည်းပေးခဲ့ကြောင်း၊ ဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံးအတွက် ဖြန့်ကြက် စီမံဆောင်ရွက်လျက်ရှိရာတွင် ဧရာဝတီတိုင်းအတွက်လည်း သီးခြားအစီအမံများဖြင့် စီမံဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်းကို နိုင်ငံတော်၏ စပါးကျီဖြစ်စေရမည်ဆိုသည့် ရည်မှန်းချက်ထားရှိသည့်အလျောက် ဧရာဝတီတိုင်းအတွက် စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

### အောင်မြင်ဖြစ်ထွန်း

နိုင်ငံတော်အစိုးရအနေဖြင့် မိမိ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပြီး အောင်မြင်ဖြစ်ထွန်းမှုများရရှိနေသည်ကို မျက်ဝါးထင်ထင်တွေ့ရှိနိုင်ကြောင်း။

ဧရာဝတီတိုင်းအနေဖြင့်ဆိုလျှင် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလက အိပ်မက်သဖွယ်သာရှိခဲ့သော ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များမှာ ယခုအခါတွင် အကောင်အထည်ပေါ်ဖြစ်ထွန်းလာခဲ့ပြီး ဧရာဝတီတိုင်း တစ်တိုင်းလုံးသည်လည်း ထူးခြားစွာပြောင်းလဲတိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

သို့ရာတွင် နိုင်ငံတော်ကို ဆန့်ကျင်နေသော အဖွဲ့အစည်းများနှင့် ပြည်ပသြဇာခံများက နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုပြီး နိုင်ငံတော်ကြီး ဆုတ်ယုတ်ပျက်စီးနေသယောင် မျက်စိစုံမှိတ် စွပ်စွဲပြောဆိုလျက်ရှိနေဆဲပင်ဖြစ်ကြောင်း။

**စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး**

**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြောင်းမြခရိုင် လပွတ္တာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)**





ကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ရုပ်မြင်သံကြားဖမ်းစက်နှင့်ဗွီစီဒီစက်တစ်စုံစီတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံရယူကြသည်။

ဆက်လက်၍ လပွတ္တာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ကွန်ပျူတာတစ်စုံ၊ လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)က ငွေကျပ် ခုနစ်သိန်းငါးသောင်းတန် မီးစက်တစ်လုံး၊ လပွတ္တာမြို့နယ် ဆန်စပါးကုန်သည်များအသင်းက ကွန်ပျူတာတစ်စုံ၊ လပွတ္တာမြို့ပညာရေးမိသားစုက ကွန်ပျူတာတစ်စုံ၊ မြို့နယ်ရေလုပ်ငန်းရှင်များအသင်းက အလှူငွေကျပ် ငါးသိန်း၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့က ငွေကျပ်ငါးသိန်း၊ လူမှုထူးချွန် ဦးမြတ်ဦးက ငွေကျပ်သုံးသိန်း၊ မြို့နယ်စီးပွားရေးလုပ်ငန်းရှင်အသင်းများက ငွေကျပ်ခြောက်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းကြည်က လက်ခံသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လပွတ္တာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသားကျောင်းသူလေးများက 'ဇာတိမာန်'သီချင်းကို သီဆို၍ နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လပွတ္တာမြို့ ရွှေနဒီခန်းမသို့ရောက်ရှိကြပြီး ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းက မြောင်းမြခရိုင်၏ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေအနေ၊ မြောင်းမြစက်မှုဇုန်၌လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ လပွတ္တာမြို့နယ်ရေရရှိရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ မြောင်းမြခရိုင်နှင့် မြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လပွတ္တာမြို့နယ်မှ ဌာနဆိုင်ရာများက မြို့နယ်၏ ကျန်းမာရေး၊ ပညာရေးနှင့်ဆက်သွယ်ရေးလိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် လပွတ္တာမြို့နယ်အပါအဝင် မြောင်းမြခရိုင်၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် မိမိတို့အဖွဲ့လာရောက်ခဲ့ခြင်းဖြစ်သည်နှင့်အညီ မြောင်းမြခရိုင်နှင့် မြို့နယ်အသီးသီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိကလိုအပ်ချက်မှာ ဝမ်းစာဖူလုံရေးဖြစ်ရာ မိမိပြည်တွင်းတွင် ဝမ်းစာဖူလုံမှသာ အခြားသောနိုင်ငံများအပေါ် မှီခိုအားထားရမှု လွတ်ကင်းမည်ဆိုသည့် ခံယူချက်ဖြင့် တစ်နိုင်ငံလုံး ဝမ်းစာဖူလုံရေးနှင့် ပြည်နယ်နှင့်တိုင်းဒေသအလိုက် ဝမ်းစာဖူလုံမှုရှိလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အချို့သော ပြည်နယ်နှင့်တိုင်းများမှာ ဝမ်းစာဖူလုံမှုမရှိသေးသဖြင့် ဧရာဝတီတိုင်းကဲ့သို့ ဖူလုံပိုလျှံသည့် ဒေသများမှ ဆန်စပါးကို ထောက်ပံ့ပေးနေရကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့်ကြည့်လျှင်မူ ဝမ်းစာဖူလုံပိုလျှံသဖြင့် ပြည်ပသို့တင်ပို့နိုင်သည့် အခြေအနေရှိနေပြီဖြစ်ကြောင်း။

### အကျိုးဖြစ်ထွန်း

သို့ဖြစ်၍ ဧရာဝတီတိုင်းကဲ့သို့ စိုက်ပျိုးရေးဖြစ်ထွန်းသည့်ဒေသများအနေဖြင့် ဆန်စပါးတိုးတက်ထွက်ရှိနိုင်သမျှ တိုးတက်ထွက်ရှိစေရအောင် ဆက်လက် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်ကြသည်နှင့်အမျှ မိမိတို့ဒေသအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းမှာဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် ဆန်စပါးထုတ်လုပ်မှုသာမက ပြည်ပဝင်ငွေရှာဖွေနိုင်သည့် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းနှင့် ရေငန်ငါးပုစွန်မွေးမြူရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ နိုင်ငံတော်အတွက် များစွာအထောက်အကူပြုနိုင်လျက်ရှိကြောင်း။

### ဒေသဖွံ့ဖြိုးရေး

သို့ဖြစ်သည်နှင့်အညီ နိုင်ငံတော်အပိုင်းကလည်း ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေး ရောင်းဝယ်ဖောက်ကားမှုနှင့် စီးပွားရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် လမ်း၊ တံတားများတည်ဆောက်ရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစွာကို အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါတွင် ဧရာဝတီတိုင်းရှိ မြို့တစ်မြို့၊ နှစ်မြို့ခန့်မှလွဲ၍ ကျန်မြို့ကြီးများအားလုံးသည် မော်တော်ကားလမ်းများ တစ်ဆက်တစ်စပ်တည်း ဖြစ်နေပြီဖြစ်သဖြင့် ယခင်က ရေလမ်းခရီးဖြင့် ခက်ခက်ခဲခဲ အချိန်ကုန်ခံသွားလာရသော ခရီးများသည် မော်တော်ယာဉ်ဖြင့် အချိန်တိုအတွင်း ချောမွေ့စွာသွားလာနိုင်နေပြီဖြစ်ကြောင်း။

ယင်းသို့ သွားလာဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် လမ်းမကြီးများ ဖောက်လုပ်ရာတွင် ဧရာဝတီတိုင်းအတွင်း၌ မြစ်ကူး ချောင်းကူး တံတားကြီးများ မြောက်မြားစွာကိုပါ နိုင်ငံခြားငွေဖြင့် ပြည်ပမှ မှာယူတင်သွင်းလျက် တည်ဆောက်ပေးခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားလူမျိုးများအချင်းချင်း ဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့သည်နှင့်အမျှ ကူးသန်းသွားလာမှု၊ အပြန်အလှန်အမှီသဟဲပြုမှုများ တိုးပွားလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးပွားခိုင်မြဲလာမည်ဆိုသည့် ခံယူချက်ဖြင့် စီမံဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

### ဥဒဟိုသွားလာနိုင်

သို့သော်လည်း လက်တွေ့ဘဝတွင် ထူးခြားစွာဖွံ့ဖြိုးတိုးတက် ပြောင်းလဲနေမှုများကို ပြည်သူများ ကိုယ်တွေ့မျက်မြင်ခံစားနေကြရပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် ဧရာဝတီတိုင်းရှိ မြို့နယ်အသီးသီးသည် ပုသိမ်မြို့နှင့်ရန်ကုန်မြို့တော်တို့သို့ လျင်မြန်လွယ်ကူစွာ ဥဒဟို ကူးသန်းသွားလာနိုင်နေပြီဖြစ်ကြောင်း။

ပုသိမ်လေဆိပ်ကိုလည်း ယခင်ကလေယာဉ်ငယ်များသာ ဆင်းနိုင်ခဲ့ရာမှ ယခုဆိုလျှင် လေယာဉ်ကြီးများ ဆင်းနိုင်အောင် အဆင့်မြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

### ထူးခြားစွာဖွံ့ဖြိုးတိုးတက်

ခြုံငုံ၍ပြောကြားရလျှင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး ပြည်နယ်နှင့်တိုင်းဒေသများအားလုံးတွင် ဒေသအလိုက်ဖွံ့ဖြိုးရေးလိုအပ်ချက်များကို လေ့လာဖော်ထုတ်ပြီး ဒေသလိုအပ်ချက်ကိုလိုက်၍ လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းရေလှောင်တမံများ၊ လေယာဉ်ကွင်းများ စသည့် ဖွံ့ဖြိုးမှုဆိုင်ရာအခြေခံအဆောက်အအုံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးလျက်ရှိရာ ၁၅နှစ်မျှသော အချိန်ကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိသာထင်ရှား ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်၏အနာဂတ်တည်ငြိမ်ခိုင်မာတောင့်တင်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံသည့် စုစည်းညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရတည်တံ့ခိုင်မြဲရေးတို့ကို ရေရှည်အာမခံနိုင်မည့်အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

### ကြိုးပမ်းဆောင်ရွက်

သို့ဖြစ်၍ ပြည်သူများအပိုင်းကလည်း မိမိတို့မှီတင်းနေထိုင်သည့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အရှည်တည်တံ့ခိုင်ခံ့စေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းစေရအောင် မိမိတို့ကျရာကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

## တစ်နိုင်ငံလုံး ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာ

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး ပြည်နယ်နှင့်တိုင်းဒေသအားလုံးတွင် ဒေသအလိုက် ဖွံ့ဖြိုးရေး လိုအပ်ချက်များကို လေ့လာဖော်ထုတ်ပြီး လမ်းမကြီးများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းရေလှောင်တမံများ၊ လေယာဉ်ကွင်းများ စသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးလျက်ရှိရာ ၁၅နှစ်တာ ကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိသာထင်ရှား ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်သည်။

# လားရှိုးမြို့ပေါ်ရှိ စာသင်တိုက်ကြီးများနှင့်သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လှူဖွယ်ပစ္စည်းများတက်ရောက်ဆက်ကပ်

ရန်ကုန် အောက်တိုဘာ ၁၂

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့်ဌာနဆိုင်ရာများမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အောက်တိုဘာ ၉ ရက် နံနက် ၇နာရီ ၄၅ မိနစ်တွင်လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ထားကိုးကွယ်မည့် ဝိဇယဘူမိမဟာအောင်မြေကုန်းတော် ရင်ပြင်၌ကျင်းပသည့် လားရှိုးမြို့ပေါ်ရှိ စာသင်တိုက်ကြီးများနှင့်သီလရှင် ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ဆား ဆက်ကပ်လှူဒါန်းပွဲနှင့်ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်တည်ထားကိုးကွယ်ရန် ဆဋ္ဌမအကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်၊ ဆီနှင့်ဆားတို့ဆက်ကပ် လှူဒါန်းသည်။**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လားရှိုးမြို့ပေါ်ရှိ စာသင်တိုက်ကြီးများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် မဟာဗောဓာရုံကျောင်းတိုက် ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့်ဆားများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ လားရှိုးမြို့မဟာဗောဓာရုံကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ လားရှိုးမြို့မဟာဗောဓာရုံကျောင်းတိုက် ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒထံမှ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လားရှိုးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၁ကျောင်းနှင့်သီလရှင်ကျောင်းတိုက် ငါးတိုက်တို့အတွက် ဆွမ်းဆန်တော် အိတ်၄၀၀၊ ဆီ ပိဿာ၁၆၀နှင့်ဆား ပိဿာ ၁၆၀ တို့ကို မဟာဗောဓာရုံကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက ဆရာတော်သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## အလှူငွေ

ထို့နောက် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်တည်ထားကိုးကွယ်ရန် ဆဋ္ဌမအကြိမ်မြောက်အလှူငွေများကိုပေးအပ်လှူဒါန်းကြရာ အေးရှားဝေါလ်ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးကြေးက ငွေကျပ်သိန်း၅၀၊ ဌာနဆိုင်ရာအကြီးအကဲ ၂၉ဦးက ငွေကျပ် ၂၉သိန်း၊ ဌာနဆိုင်ရာအကြီးအကဲ ၂၅ဦးက ငွေကျပ်၂၅သိန်း၊ ဦးစောနိုင်မိုင်းထက်ကုမ္ပဏီက ငွေကျပ်သိန်း၁၀၀၊ ဦးကြည်ဝင်း(မူဆယ်)က ငွေကျပ်သိန်း ၅၀၊ ဦးမောင်ဝင်း ဓာတ်ခဲစက်ရုံက ငွေကျပ်သိန်း၄၀၊ ဦးမျိုးနိုင် တိုးပွားအောင် မွေးမြူရေးအစာစပ်စက်ရုံက ငွေကျပ် သိန်း ၄၀၊ ဦးဇော်ဝင်း ဝင်းချယ်ရီ အရောင်းဆိုင်က ငွေကျပ် ၃၅သိန်း၊ ဦးအိုက်တူး ရှမ်းအိုးစည်အရောင်းဆိုင်က ငွေကျပ်၂၂သိန်းငါးသောင်း၊ ဦးကျော်လှ ရပ်ကွက် (၃)၊ ဦးသိန်းအောင်ရပ်ကွက်(၃)၊ ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်သီတာမိုး ရပ်ကွက်(၃)နှင့် ဦးအိုက်ကိန်း(မူဆယ်) အရောင်းဆိုင်တို့က ငွေကျပ်သိန်း ၂၀စီ၊ ဦးဘီဂျေးအာသောကဆိုင်က ငွေကျပ် ၁၉သိန်းငါးသောင်း၊ ဒေါ်ဝါဝါညွန့်တော်ဝင်ရတနာဆိုင်က ငွေကျပ် ၁၅သိန်း၊ ဦးဝမ်တာဖာက ငွေကျပ် ၁၄သိန်း၊ ဦးအိုက်ဖေ(မူဆယ်)က ငွေကျပ် ခုနစ်သိန်း၊လားရှိုးဒီဂရီကောလိပ်ကငွေကျပ် ၄၈၁၄၀၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့က ငွေကျပ် လေးသိန်း၊ ဦးမောင်လှိုင်တော်ဝင်ရတနာကငွေကျပ်သုံးသိန်း၊ တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်က ငွေကျပ်ငါးသိန်းနှင့် ဦးစိုင်းမွန် ငွေကျပ်ငါးသိန်း အပါအဝင် စေတနာရှင်အလှူရှင်များက အလှူတော်ငွေကျပ် ၅၈၂၈၁၄၀၀ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက်မြို့နယ်သံဃနာယကအဖွဲ့အကျိုးဆောင်ခါးရိုးကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသုမနထံမှ အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များကရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်က စေတီတော်တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

## မှာကြား

ထို့နောက် စေတီတော်တည်ထားကိုးကွယ်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရဲမှူးကြီးဝင်းနိုင်က ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှု၊ လုပ်ငန်းသုံးပစ္စည်းများ လိုအပ်မှု၊ သုံးစွဲမှုနှင့် ထိန်းသိမ်းကြီးကြပ်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးကြေးက တည်ဆောက်ရေးလုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည်ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီရင်ပြင်တော်တွင် ပူဇော်စိုက်ပျိုးထားရှိသော မဟာဗောဓိပင်ပျိုအား မြေဆီသြဇာများ ထည့်သွင်းပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စေတီတော်တည်ဆောက်ရေးလုပ်ငန်းများ၌ လုပ်အားပေးလှူကြသော လုပ်အားရှင်များအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဟူးမွန်ရေလှောင်တမံသို့ ရောက်ရှိကြရာ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်မှု၊ ရေပေးဝေနိုင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို မှာကြားသည်။

## ဟူးမွန်ရေလှောင်တမံ

ဟူးမွန်ရေလှောင်တမံကို လားရှိုးမြို့နယ် ဟူးမွန်ရွာအရှေ့တောင်ဘက်ရှိ နမ့်လျှိုချောင်းပေါ်၌ တည်ဆောက်ထားပြီး တမံအလျားပေ ၇၀၀နှင့် အမြင့်ပေ ၈၀ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧက ၁၈၅၀ပေရှိပြီး ဆည်ရေပေးဝေနိုင်သည့် လယ်မြေဧရိယာ ၈၄၃ ဧကနှင့် မြို့လူထုအား သောက်သုံးရေပေးဝေမှုမှာ တစ်နေ့လျှင် ဂါလန် ၁၈၂ ဒသမ ၅ သန်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကောက်ကွေ့ချောင်း ရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကောက်ကွေ့ချောင်း ရေလှောင်တမံ စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

## အကျိုးကျေးဇူးဖြစ်ထွန်း

ကောက်ကွေ့ချောင်း ရေလှောင်တမံကို လားရှိုးမြို့နယ် မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ချောင်းပေါ်၌ တည်ဆောက်လျက်ရှိပြီး မြေသားရေလှောင်တမံ အမျိုးအစားဖြစ်သည်။ ရေလှောင်တမံမှာ အလျားပေ ၁၁၃၀ နှင့် တမံအမြင့် ပေ ၉၀ ရှိမည်ဖြစ်ပြီး ကန်ရေပြည့် သိုလှောင်ပမာဏမှာ ဧကပေ ၉၀၀၀ ဖြစ်သည်။ ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ၈၄၃ ဧကဖြစ်သည်။ ကောက်ကွေ့ချောင်း ရေလှောင်တမံတည်ဆောက် ပြီးစီးပါက ဟူးမွန်ဆည်ရေသောက် ဧက ၈၄၃ ဧက အတွက် မိုးစပါး၊ နွေစပါး အပြည့်အဝစိုက်ပျိုးရန် ရေလုံလောက်စွာပေးဝေနိုင်ခြင်း၊ မြို့လူထုသောက်သုံးရေ ပိုမိုရရှိရေးအတွက် အထောက်အကူဖြစ်စေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု တိုးတက်ကောင်းမွန်လာပြီး လားရှိုးမြို့၏ ရာသီဥတုကို မျှတမှုဖြစ်ထွန်းလာစေခြင်း၊ ဒေသဝမ်းစာဖူလုံရေးအတွက် မျိုးကောင်းမျိုးသန့်များထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးရေးနည်းပညာများ လေ့ကျင့်ပညာပေးသည့် ဗဟိုစံပြစိုက်ခင်းကြီးဖြစ်ပေါ်လာပြီး ပြည်နယ်စိုက်ပျိုးရေးကဏ္ဍအား များစွာအကျိုးဖြစ်ထွန်းလာစေခြင်းစသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးအထွက်တိုး ဆင်းရွှေလီ မျိုးစပါး(F-1)မျိုးစေ့ထုတ်စိုက်ကွင်း ဟူးမွန် ဆည်ရေသောက် ဧက၇၅၀ (F-1)မျိုးစေ့ဝတ်မှုန်ကူးပွဲတော်သို့ ရောက်ရှိကြရာ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား ဆင်းရွှေလီ တောင်သူလယ်သမားခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လားရှိုးခရိုင် ဟူးမွန်ဒေသ ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါးဧက ၇၅၀ စိုက်ပျိုးထုတ် လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးလှကြီးက စပ်မျိုးစပါး ထုတ်လုပ်ပုံအဆင့်ဆင့်၊ စပ်မျိုးစပါး တစ်ဧက ကုန်ကျစရိတ်၊ ဝင်ငွေနှင့် အကျိုးအမြတ်ရရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က စပ်မျိုးစပါးစိုက်ပျိုးထုတ်လုပ်မှုတွင် တက်ကြွစွာဆောင်ရွက်လျက်ရှိသော စိုက်ကြပ်အဖွဲ့သုံးဖွဲ့သို့ ဂုဏ်ပြုဆုဖလားများချီးမြှင့်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ လားရှိုးတပ်နယ်မှ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးတင်ဝင်းနှင့် လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းတို့က လက်ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စပ်မျိုးစပါးထုတ်လုပ်ရာတွင် တက်ကြွစွာဆောင်ရွက်လျက်ရှိသည့် စိုက်ကြပ်အဖွဲ့သုံးဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းစီ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ပြည်နယ်အတွင်း စပ်မျိုးစပါးထုတ်လုပ်မှုလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင် လုပ်အားပေးဆောင်ရွက်လျက်ရှိသည့် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ဂုဏ်ပြုဆု ငွေကျပ်သုံးသိန်း ချီးမြှင့်ရာ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုင်းနော်ခမ်းဦးကလည်းကောင်း၊ စပ်မျိုးစပါးဧက၇၅၀ စိုက်ပျိုးထုတ်လုပ်မှုတွင် တက်ကြွစွာဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးဝန်ထမ်းများသို့ ဂုဏ်ပြုဆု ငွေကျပ်သုံးသိန်းချီးမြှင့်ရာ လားရှိုးခရိုင် စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးအောင်မြင့်က လည်းကောင်း၊ မျိုးစေ့သန့်စင်ခြင်းလုပ်ငန်းတွင် တက်ကြွစွာဆောင်ရွက်လျက်ရှိသည့် တပ်မတော်သားများအား ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်းချီးမြှင့်ရာ လားရှိုးတပ်နယ် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးစိုးတင့်ကလည်းကောင်း အသီးသီး လက်ခံယူကြသည်။

ဆက်လက်၍လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှုတွင် တက်ကြွစွာဆောင်ရွက်လျက်ရှိသည့် တောင်သူဦးကြီးငါးဦးတို့အား ဂုဏ်ပြုဆုငွေများချီးမြှင့်ရာ တောင်သူဦးကြီးများဖြစ်ကြသော ဦးစိုင်းဆန်ထွန်း၊ ဦးစိုင်းဆီ၊ ဦးစောကျော်၊ ဦးစိုင်းသန်းမောင်နှင့် ဦးစိုင်းကျော်ထွေးတို့က လက်ခံယူကြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ဒေသဝမ်းစာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၀ မှ*

များကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်အတွက် ယမန်နေ့ကပင် လားရှိုးမြို့သို့ရောက်ရှိပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့များ၊ ဒေသနေပြည်သူများနှင့် တွေ့ဆုံကာ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် ကိစ္စများကို မှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခုလုံး ဒေသဝမ်းစာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်တစ်ခုဖြစ်သည့် ဟူးမွန်ကျေးရွာအုပ်စုရှိ ဟူးမွန်ဆည်ရေသောက် ဧက ၇၅၀ ၌ ဆင်းရွှေလီစပ်မျိုးစပါးမျိုးစေ့ထုတ်နိုင်ရန်အတွက် ဝတ်မှုန်ကူးပွဲသို့ ကြည့်ရှုအားပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

## ပွဲပိုးဆောင်ရွက်ပေး

ယခုကဲ့သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခုလုံး ဒေသဝမ်းစာဖူလုံပိုလျှံရေးအတွက် တပ်မတော်သားများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ အသီးသီးတို့က တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၏ ဦးဆောင်မှုဖြင့် စည်းလုံးညီညွတ်တက်ကြွစွာ ဆောင်ရွက်နေကြသည်ကို တွေ့ရသဖြင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ ယင်းကဲ့သို့ စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့် ရရှိလာသည့် အကျိုးရလဒ်ကောင်းများမှာ မိမိတို့ဒေသအတွက်သာမက နိုင်ငံတော်အတွက်ပါများစွာ အားတက်စရာ ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးသည် လယ်ယာကဏ္ဍအပေါ်တွင် တည်မှီနေကြောင်း၊ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စပါးပိုလျှံရမည်၊ ဆီထွက်သီးနှံဖူလုံရမည်၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးတက်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရမည်ဆိုသည့် ရည်မှန်းချက်သုံးရပ်ကို ချမှတ်ဆောင်ရွက်စေလျက်ရှိသည့်အပြင် စပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုးတိုးချဲ့စိုက်ပျိုးရေး၊ သီးနှံတစ်မျိုးချင်းအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးမြေများတိုးချဲ့စိုက်ပျိုးရေးနှင့် သီးထပ်စိုက်ပျိုးမှုစွမ်းအား တိုးတက်လာစေရေးတို့အတွက်လည်း တွန်းအားပေး ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ပူးပေါင်းကြိုးပမ်း

ယင်းကဲ့သို့ ဆောင်ရွက်လျက်ရှိခြင်းမှာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်လာစေရေးတို့အတွက်ဖြစ်သည့်အပြင် နိုင်ငံတော်၌ နောင်တိုးတက်လာမည့် လူဦးရေအတွက်ပါ မျှော်မှန်းပြီး နိုင်ငံသားအားလုံး ပူပင်ကြောင့်ကြမှုကင်းစွာဖြင့် ဝဝလင်လင် စားသုံးနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့၏ အခြေခံအကျဆုံး စီးပွားရေးဖြစ်သည့်လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အားလုံးက တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ပြသထားသော အထူးအထွက်တိုး ဆင်းရွှေလီမျိုးစပါး (F-1)၊ ဆင်းရွှေလီကောက်ညှင်းဆန်၊ နေကြာ၊ ပဲပုပ်၊ ပန်းနှမ်း၊ ပဲစင်းငုံ၊ တစ်ဧက၁၂၅တင်း ထွက်ရှိသည့် ကောက်ညှင်းစပါး၊ ဆင်းရွှေလီစပ်မျိုးပြောင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က ထုတ်လုပ်သည့် စပ်မျိုးစပါးနှင့် စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ရာတွင်အသုံးပြုသည့် ဆေးအမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မျိုးစေ့ဝတ်မှုန်ကူးရေး ဆောင်ရွက်လျက်ရှိကြသော အဖွဲ့ဝင်များအား လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၌ ပြသထားသော ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်စိုက်ပျိုးသည့် အစေ့ထုတ်ပြောင်း၊ စပ်မျိုးစပါးထုတ်လုပ်မှု၊ လယ်ယာ(၁၆)လက်တွန်းထွန်စက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

## ဝတ်မှုန်ကူးပွဲတော်

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် လားရှိုးတပ်နယ် တပ်ရင်း တပ်ဖွဲ့များက ကြီးကြပ်ကွပ်ကဲသော အထူးအထွက်တိုးစပ်မျိုးစပါး(F-1) မျိုးစေ့ထုတ်လုပ်ငန်း မန်နားကွင်းလယ်မြေ ဧက၂၅၀ ဝတ်မှုန်ကူးပွဲတော်သို့ ရောက်ရှိကြရာ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တောင်သူလယ်သမားကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ကြိုဆိုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဝတ်မှုန်ကူးပွဲတော်ကိုကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းရှိန်နှင့် လုပ်ငန်းတာဝန်ခံ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးတင်ဝင်းတို့က စပ်မျိုးစပါးစိုက်ပျိုးထုတ်လုပ်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဝတ်မှုန်ကူးရေးအတွက် ဆောင်ရွက်လျက်ရှိသူများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့က ကြီးကြပ်ကွပ်ကဲသော အထူးအထွက်တိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်း ဟူးမွန်ဆည်ရေသောက် (ရေပူစမ်းကွင်း)သို့ ရောက်ရှိကြပြီး ဝတ်မှုန်ကူးပွဲတော်ကို ရှင်းလင်းဆောင်၌ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်က ရေပူစမ်းကွင်း၌ ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး ၂၅၃ ဒသမ၈၇ဧက စိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဝတ်မှုန်ကူးရေး ဆောင်ရွက်နေသည်များကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်နေသူများအား အားပေးသည်။

## အထူးအထွက်ကောင်း

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ မူဆယ်မြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် အထူးအထွက်တိုးစပါး ဆင်းရွှေလီ(၂) (F°-°1)မျိုးစေ့ထုတ် အဆင့်မြင့်သုတေသန စံပြ ၁၀ ဧက စိုက်ခင်းသို့ ရောက်ရှိကြပြီး အပင်သက်တမ်း ၇၂ရက်ရှိ ဆင်းရွှေလီ(၂) စိုက်ခင်းနှင့် အပင်သက်တမ်း ၁၃၁ရက်ရှိ အထူးအထွက်ကောင်း ဆင်းရတနာစပါးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဆင်းရွှေလီပြောင်းမျိုးသန့် မျိုးပွားစိုက်ခင်း၄ဒသမ၅ဧကသို့ ရောက်ရှိကြပြီး ၀ဒသမ ၈၉ဧက၌ စိုက်ပျိုးထားသည့် အပင်သက်တမ်း ၅၅ရက်ရှိ ဆင်းရွှေလီ မျိုးပွားစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးကြသည်။

## မွေးမြူရေးစခန်း

ဆက်လက်၍ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဘိန်းအစားထိုးသီးနှံနှင့် ပျားအုံ ၅၀၀ မွေးမြူရေးစခန်း မန်မော်သို့ ရောက်ရှိကြပြီး အဆိုပါစခန်းရှိ ငါးမွေးမြူရေးကန်အတွင်းသို့ ငါးမြစ်ချင်းအကောင်ပေါက် ၁၅၀၀၀နှင့် တီလားဗီးယားအကောင်ပေါက် ၂၀၀၀ ကို ထည့်သွင်းပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား စခန်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က စခန်းထူထောင်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ စိုက်ပျိုးရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က စိုက်ပျိုးရေးနှင့်မွေးမြူရေးစခန်းတွင် စိုက်ပျိုးမွေးမြူမှုနှင့် ဝင်ငွေရရှိမှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် ပျားမွေးမြူမှုများကို ကြည့်ရှုစစ်ဆေးရာ ပျားလုပ်ငန်းဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးမျိုးတင့်က ပျားမွေးမြူမှု၊ ပျားရည်ထုတ်လုပ်ရရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။




## ပျားရည်

အဆိုပါ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဘိန်းအစားထိုး သီးနှံနှင့် ပျားအုံ ၅၀၀ မွေးမြူရေးစခန်း၊ မန်မော်တွင် ဆင်းရွှေလီ အစေ့ထုတ်ပြောင်း အမမျိုးပွားခင်း သုံးဧက၊ အဖိုမျိုးပွားခင်း နှစ်ဧက၊ မျိုးစေ့ထုတ်ပြောင်း ၁၂၅ဧက၊ နေကြာ ဧက၅၀၊ ပဲစင်းငုံ ဧက၁၅၀နှင့် အစေ့ထုတ်ပြောင်း မျိုးပွား ၁၁ဒသမ ၅ ဧက စိုက်ပျိုးထားပြီး ငါးကန် ၁၁ကန်၌ ငါးကောင်ရေ ၇၂၈၀၀ ကို မွေးမြူထားသည်။ မွေးမြူရေးပျားအုံ ၅၀၀ မွေးမြူထားပြီး ယင်းပျားအုံများမှ တစ်နှစ်လျှင် ပျားရည် ဂါလန် ၁၅၀မှ ၂၀၀ အတွင်း ထွက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၂) နှင့် အဖွဲ့ဝင်များသည် စခန်းတွင်းရှိ ပြောင်းမျိုးစေ့ဆေးဆိုးစက်၊ ပြောင်းခြွေစက်နှင့် ပြောင်းမျိုးစေ့အရွယ်အစား ခွဲစက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် သိန်းနီမြို့နယ် မိုင်းလီကျေးရွာ စံပြရပ်ကွက်သို့ ရောက်ရှိကြရာ ယာယီ ရှင်းလင်းဆောင်၌ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် သိန်းနီ တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦး တို့က မိုင်းလီကျေးရွာ စံပြရပ်ကွက်၌ စစ်မှုထမ်းဟောင်းများအတွက် တန်ဖိုးနည်း အိမ်ရာများ တည်ဆောက်ပေးမှု၊ စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်မည့် တိရစ္ဆာန်နှင့်သီးနှံများ ကူညီရန် စီစဉ်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဆိုပါ မိုင်းလီကျေးရွာ စံပြရပ်ကွက်၌ အခြေချနေထိုင်မည့် စစ်မှုထမ်းဟောင်း ၁၃ ဦးတို့အား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး တည်ဆောက်ပြီး တန်ဖိုးနည်း အိမ်ရာများကို ကြည့်ရှုစစ်ဆေးကာ စစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် သိန်းနီမြို့နယ် စံလောင်းစံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား ဒေသခံပြည်သူများ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များ၊ ရိုးရာအကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

## တိုက်နယ်ဆေးရုံဖွင့်

ယင်းနောက် စံလောင်းစံပြကျေးရွာတိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားကို အဆိုပါဆေးရုံရှေ့၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေနှင့်တိုင်းရင်းသားခေါင်းဆောင်ဦးမထုနော်တို့က အခမ်းအနားကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် က တိုက်နယ်ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ဆက်လက်၍ အခမ်းအနားကိုဆေးရုံခန်းမ၌ကျင်းပရာ စံလောင်းစံပြကျေးရွာ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာ ညွှန့်ဝင်းမြင့်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက တိုက်နယ်ဆေးရုံမှ ဆရာဝန်နှင့် ဆရာမများအတွက် ဂုဏ်ပြုလက်ဆောင်နှင့် ဝတ်စုံများပေးအပ်ရာ တိုက်နယ်ဆရာဝန် ဒေါက်တာ ဒေါ်ဖြူဖြူက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က မိုင်းလီစံပြကျေးရွာမှ ပညာရေးဝန်ထမ်းများနှင့်ကျန်းမာရေးဝန်ထမ်းများ၊ စံလောင်းစံပြကျေးရွာတိုက်နယ်ဆေးရုံမှကျန်းမာရေးဝန်ထမ်းများအားဝတ်စုံများထောက်ပံ့ ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်နန်းမြလုံနှင့် သူနာပြုဆရာမတစ်ဦးတို့က လက်ခံရယူကြသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက စံလောင်းတိုက်နယ်ဆေးရုံသို့ ဆေးဝါးများပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းလှိုင်က လက်ခံရယူသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က စံလောင်းတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာသင်းသင်းလှိုင်သို့ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များက တိုက်နယ်ဆေးရုံအတွက် အလူမီနီယံဗီရို တစ်လုံး၊ ခွဲစိတ်ခန်း၌အသုံးပြုရန်အတွက်ကျပ်သုံးသိန်းနှစ်သောင်းတန်ဖိုးရှိလေအေးပေးစက်တစ်လုံးနှင့်ကျပ်တစ်သိန်းတန်ဖိုးရှိ ဗီရိုတစ်လုံးတို့ကို အသီးသီးပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကျေးရွာလူထုကိုယ်စားဒေသခံတိုင်းရင်းသားခေါင်းဆောင်ဦးမထုနော်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့အား ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်က ငွေဓားနှင့် လွယ်အိတ်တို့ကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့်တာဝန်ရှိသူများအား တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်က ဖွင့်ပွဲအထိမ်းအမှတ် အလံများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် တိုက်နယ်ဆေးရုံဓာတ်မှန်ခန်း၊ အမျိုးသားလူနာဆောင်၊ ခွဲစိတ်ခန်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားသို့ တက်ရောက်လာသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် သိန်းနီမြို့အဝင်ရှိ သိန်းနီမြို့နယ် ဆင်းရွှေလီစပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်း ဧက၃၀သို့ ရောက်ရှိလာကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁*

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဝမ်းစာဖူလုံရေးအတွက် ကြိုးပမ်းနေမှုများ

- ❒ ဟူးမွန်ရေလှောင်တမံကို လားရှိုးမြို့နယ် ဟူးမွန်ရွာအရှေ့တောင်ဘက်ရှိ နမ့်လှိုချောင်း ပေါ်၌ တည်ဆောက်ထားပြီး တမံအလျား ပေ၇၀၀နှင့် အမြင့်ပေ၈၀ ရှိသည်၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ၁၀၇၅၀ရှိပြီး ဆည်ရေပေးလယ်မြေဧရိယာ ၇၄၃ဧကနှင့် သောက်သုံးရေ တစ်နှစ်လျှင် ဂါလန်၁၀၂၁သန်းပေးဝေနိုင်၊
- ❒ ဟူးမွန်ဆည်ရေသောက် ဧက ၁၂၀ မှ စပ်မျိုးစပါးများ ဧက ၁၀၀၀၀ အတွက် ထုတ်လုပ်နိုင်ပြီ၊
- ❒ ဆင်းရွှေလီစပ်မျိုးစပါး (F1)မှာ တစ်ဧကတင်း ၁၅၀ မှ တင်း ၂၀၀ အထိ ထွက်ရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များတွင် ယခုနှစ်မိုးရာသီ၌ ဧက ၁၀၀၀၀၀ စိုက်ပျိုးပြီးဖြစ်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် လားရှိုးမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပွဲအပြီးတွင် အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၆ မှ*

ပူအမှု၊ ဥမကွဲ သိုက်မပျက် ညီညီညွတ်ညွတ်နေထိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းများမှာ အမည်နာမတပ်ပြီး ခေါ်ဝေါ်နေကြသော်လည်း အမှန်အားဖြင့် ပြည်နယ်အသီးသီး၊ တိုင်းအသီးသီးတို့တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောကြည်ရာ မြက်နုရာ စုပေါင်းနေထိုင်လျက် ရှိကြသဖြင့် ပြည်ထောင်စုလေးအသွင် ဆောင်နေကြောင်း၊ထို့ကြောင့်ယင်းပြည်ထောင်စုလေးများကို စုပေါင်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ကြောင်း။

## ကာကွယ်စောင့်ရှောက်

ထို့ကြောင့် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့တည်ရှိနေရန်အတွက် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး အဓိကအရေးကြီးသည့် တာဝန်ကြီးနှစ်ရပ်ကို ထမ်းဆောင်ကြရန်အရေးကြီးကြောင်း၊ ပထမတာဝန်တစ်ရပ်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်အဖြစ်ခံယူပြီး အသက်ထက်ဆုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက် သွားကြရမှာဖြစ်ကြောင်း။

ဒုတိယတာဝန်မှာ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးကဏ္ဍတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပပေးလျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီး ကျင်းပခြင်းအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းရပ်များအားလုံး အောင်မြင်ရေးအတွက် ကျရာကဏ္ဍက ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းတာဝန်ကြီးနှစ်ရပ်ကို အမျိုးသားရေးတာဝန်ဟုခံယူကာ အလေးထားဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

## လေ့ကျင့်ပျိုးထောင်

ထို့ပြင် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍများ အောင်မြင်ဖြစ်ထွန်းရေးအတွက် အဓိကအရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နေသူများမှာ နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့် တိုင်း အသီးသီးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စိတ်ဓာတ်နှင့် ခံယူမှုအပိုင်း၊ ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာ စောင့်စည်းမှုအပိုင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ အတတ်ပညာအပိုင်းတို့၌ ပြည့်စုံအောင်၊ အရည်အသွေးပြည့်မီအောင် လေ့ကျင့်ထိန်းသိမ်းပျိုးထောင်နေကြရန် အရေးကြီးကြောင်း။

နိုင်ငံတော်၏ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် အတူတကွ တစ်စိတ်တည်း တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း။

## ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်၏ အမျိုးသားစွမ်းအားစုများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်၊ စစ်မှုထမ်းဟောင်းစသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များအနေဖြင့်လည်း မှန်ကန်သောအသိ၊ မှန်ကန်သော အမြင်၊ ခိုင်မာသည့် ယုံကြည်ချက်တို့ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ဒေသနေပြည်သူများနှင့် ပူးပေါင်းကာ တက်ကြွစွာဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများအား ဂုဏ်ပြုထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ရာ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း ၃၀ ကိုယ်စား ဒုတိယဗိုလ်မှူးကြီးတင်အုန်း(အငြိမ်းစား)၊ ဒုတိယဗိုလ်မှူးကြီးကြီးမြင့်(အငြိမ်းစား)နှင့် ဗိုလ်မှူးမျိုးဝင်း(အငြိမ်းစား)တို့က လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုလ်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၉ မှ*

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့မှ ငပုတောမြို့သို့ ညနေ ၅ နာရီတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ငပုတောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေးကျော်နှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ငပုတောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိကြပြီး ငပုတောမြို့နယ်မှဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေးကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်၏ လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စည်ပင်သာယာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများအား မေးမြန်းစိစစ်ကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ငပုတောမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗွီစီဒီစက်၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ တစ်စုံကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်လွှမ်းက လက်ခံသည်။

ဆက်လက်၍ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ပုသိမ်–ငပုတောကားလမ်းနှင့် မြောင်းမြ–ငပုတောကားလမ်းအခြေအနေကိုလည်းကောင်း၊ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ဆားထုတ်လုပ်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာ၌ ငပုတောမြို့နယ်၏ပညာရေး၊ ကျန်းမာရေးအပါအဝင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို မြို့နယ်တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်အညီ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ငပုတောမြို့နယ်သည် ဧရာဝတီတိုင်း၏ အစွန်ပိုင်းဒေသဖြစ်သလို မြို့နယ်၏နယ်မြေဒေသကျယ်ဝန်းလှသဖြင့် ဆောင်ရွက်ပေးဖွယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ များစွာရှိမှာဖြစ်ကြောင်း။

သို့ဖြစ်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အစွန်အဖျားကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ပြည်သူများ၏ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များကို သိရှိအောင်လေ့လာ၍ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကြဖို့မှာကြားလိုကြောင်း။

## စနစ်တကျစီမံဆောင်ရွက်

နိုင်ငံတော်အနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရည်မှန်းချက်များချမှတ်ကာ လုပ်ငန်းစဉ်ကြီး(၅)ရပ်ကို သတ်မှတ်ပေးထားပြီးဖြစ်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများက လိုအပ်သည့်လုပ်ငန်းများဖော်ထုတ်ပြီး ဦးစားပေးအလိုက် စနစ်တကျ စီမံဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ ဒေသတွင်းစိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးဘဝဖြစ်ထွန်းစေရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြေစာရင်းဦးစီးဌာနတို့က ပူးပေါင်းကွင်းဆင်းပြီး မှန်ကန်တိကျသည့် ကိန်းဂဏန်းအချက်အလက်များကိုဖော်ထုတ်ကာ လိုအပ်သည့်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ကြဖို့ မှာကြားလိုကြောင်း။

အလားတူပင် ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်းကွင်းဆင်းကာ ကျေးလက်ဒေသများရှိ ရေတွင်းရေကန်များရှိ ရေများကို ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ၊မရှိ ဓာတ်ခွဲစစ်ဆေးခြင်း၊ကျန်းမာရေးနှင့်ညီညွတ်အောင် စည်းရိုးများကာရံခြင်းတို့ကအစ စနစ်တကျစီမံဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း။

မြို့နယ် တစ်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၏တီထွင်ကြံဆမှု၊ ဝီရိယအားနှင့်စေတနာအားပေါင်းစပ်ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို မှန်ကန်သောဦးဆောင်မှုဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း။

သို့ဖြစ်၍ မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းများတောင့်တင်းခိုင်မာရေးနှင့် ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက သူ့တာကိုယ့်တာမခွဲခြားဘဲ စုပေါင်းဦးဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားကို စည်းရုံးရယူဆောင်ရွက်သွားကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ငပုတောမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများနှင့် မြို့ခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ငပုတောမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ညပိုင်းတွင် ပုသိမ်မြို့သို့ရောက်ရှိကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့်တပ်မတော်အရာရှိကြီးများ၊ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့ ဧည့်ရိပ်သာသို့ရောက်ရှိကြသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၁၁ မှ*

ထို့နောက် ဝတ်မှုန်ကူးပွဲတော်အခမ်းအနားကို ယာယီရှင်းလင်းဆောင်၌ကျင်းပရာ ရေးဦးစွာ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးက ဆင်းရှေလီ စပ်မျိုးစပါး ထုတ်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ မိမိတို့အဖွဲ့ ရောက်ရှိချိန်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဝမ်းစာဖူလုံရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရသဖြင့် များစွာအားရမှုဖြစ်ရကြောင်း။

မိမိတို့နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးဆုံးအချက် တစ်ချက်မှာ စီးပွားရေးတိုးတက်ဖြစ်ထွန်းလာရေးပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အပေါ်တွင် အဓိကတည်မှီနေကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေကို အကျိုးရှိရှိအသုံးချပြီး သီးနှံများစိုက်ပျိုးရာတွင်လည်း စိုက်စနစ်မှန်ကန်ရေး၊ အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက် သဘာဝမြေဩဇာများ ပေါင်းစပ်ပြီး ထိရောက်စွာသုံးစွဲရေး၊ ရေတော်မိုးတော်ဖြစ်ရေးဆိုသည့် စိုက်ပျိုးရေးနည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးသွားကြရန်နှင့် သီးထပ်စိုက်ပျိုးမှု စွမ်းအားတိုးတက်မြင့်မားလာစေရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊မိမိတို့ဒေသဖွံ့ဖြိုးရေး၊ ဒေသနေ ပြည်သူများ လူနေမှုဘဝမြင့်မားတိုးတက်ရေးတို့အတွက် အဓိကကျသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသနေတိုင်းရင်းသားပြည်သူများကစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဝတ်မှုံကူးရန်ဆောင်ရွက်နေသည်များကို ကြည့်ရှုအားပေးကြသည်။ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ညနေ၅နာရီတွင် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့ရှိ ကချင်အထူးဒေသ(၅)က ဆောင်ရွက်လျက်ရှိသည့်လက်ဖက်၊မက္ကဒေးမီးယား၊ ချဉ်စော်ကား စိုက်ပျိုးရေးခြံသို့ရောက်ရှိကြရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

## ဘိန်းအစားထိုးသီးနှံ

ထို့နောက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ တိုင်းရင်းသားခေါင်းဆောင်ဦးမထုနော်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဘိန်းအစားထိုးသီးနှံများဖြစ်သည့် လက်ဖက်၊ မက္ကဒေးမီးယား၊ ချဉ်စော်ကား၊ သစ်ကြား၊ သစ်အယ်၊ စီချွမ်ငရုတ်ကောင်း၊ ကော်ဖီ၊ ကွတ်ခိုင်ရွှေမက်မန်း၊ လိမ္မော်ခွံပွ၊ ပါကော၊ သရက်၊ တည်၊ ဖုံးပေါင်းသစ်ဆိမ့်၊ ဩဇာ၊ လိုက်ချီး၊ မက်မွန်စသည့်အပင်နှင့်အသီးအနှံများကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း MEASAT-3:A ဂြိုဟ်တုဆက်သွယ်ရေးမိတ်ဆက်ရှင်းလင်းပွဲတက်ရောက်အားပေး

ရန်ကုန် အောက်တိုဘာ ၁၂

**MEASAT-3:A Global Beam for Myanmarနှင့် စပ်လျဉ်းသည့် မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေးသည်။**

အခမ်းအနားသို့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## မိတ်ဆက်ရှင်းလင်း

အခမ်းအနားတွင် MEASAT-3:A Global Beam for Myanmar မှ Advisor Dato' Aimuddin Noordin က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် Chief Executive Officer (CEO) Sales and Marketing Mr.Paul Brown-Kenyonက မလေးရှားနိုင်ငံမှ မကြာမီ လွှတ်တင်မည့် MEASAT-3နှင့် ပတ်သက်၍ ဈေးကွက်ဝင်ရောက်မှု အခြေအနေကိုလည်းကောင်း၊ Senior Vice-President, Space & Technology Dr.Ali R.Elradiက ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာနည်းပညာပိုင်းနှင့်ပတ်သက်၍လည်းကောင်း အကျယ်တဝင့် မိတ်ဆက်ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၉နာရီခွဲတွင် MEASAT-3မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

## အသုံးပြုနိုင်

အဆိုပါ MEASAT-3ဂြိုဟ်တုသည် ၂၀၀၅ခုနှစ်ဇူလိုင်လအတွင်း မလေးရှားနိုင်ငံမှ လွှတ်တင်မည့် ဆက်သွယ်ရေးဂြိုဟ်တုဖြစ်ပြီး ကမ္ဘာ့လူဦးရေ ၇၀ရာခိုင်နှုန်း ဆက်သွယ်အသုံးပြုနိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**





### နှုတ်ခွန်းဆက်စကားပြောကြား

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မလေးရှားနိုင်ငံ MEASAT-3:A ဂြိုဟ်တုဆက်သွယ်ရေးနှင့်စပ်လျဉ်းသည့် မိတ်ဆက်ရှင်းလင်းပွဲသို့ တက်ရောက်အားပေးစဉ်နှင့် Advisor Dato' Aimuddin Noordin နှုတ်ခွန်းဆက်စကားပြောကြားစဉ်။** (သတင်းစဉ်)



# အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များတွေ့ဆုံညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၁၂

**အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ကျင်းပသည်။** (အပေါ်ပုံ)

အစည်းအဝေးတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖြစ် ဗိုလ်ချုပ်အောင်သိမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဦးထွန်းရင်လော၊ ဦးယောအေးလှ၊ ဦးမောင်လှ(ခ)ဦးလှမြင့်၊ ဦးမြအေး၊ ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာဦးသိန်းဦးဘိုးစောနှင့် ဦးထွန်းအောင်ချိန်တို့တက်ရောက်ကြပြီး လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂)ဒေါက်တာသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်နှင့် ဦးဆန်းထွန်း၊ လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကြည်နှင့် အထောက်အကူပြု လက်ထောက်ညွှန်ကြားရေးမှူးများလည်း တက်ရောက်ကြသည်။

## စာတမ်းများပြုစု

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၄ ခုနှစ် မေ၁၇ရက်မှ ဇူလိုင်၉ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို အမျိုးသားညီလာခံပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရန်စိစစ်၍ စာတမ်းများပြုစုခြင်းကို ဆက်လက်ပြုလုပ်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး အစည်းအဝေးတက်ရောက်ရန် ဒုတိယဝန်ကြီးဦးကျော်သူ စင်ကာပူနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် စင်ကာပူနိုင်ငံတွင် အောက်တိုဘာ၁၃ရက်နှင့်၁၄ရက်တို့တွင်ကျင်းပမည့် အဋ္ဌမအကြိမ် အာဆီယံပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးအဆင့် အလွတ်သဘော အစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီး ဦးကျော်သူအား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

## တက်ရောက်

ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒေါ်ရင်ရင်လေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနစုမှူး(၁) ဒေါ်မြတ်သီတာအေးတို့သည် ယနေ့မှ စတင်ကျင်းပသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်လျက်ရှိကြသည်။

အစည်းအဝေး၌ အာဆီယံဒေသအတွင်းတွင်လည်းကောင်း၊ အာဆီယံ၏ဆွေးနွေးဖက် သုံးနိုင်ငံနှင့်လည်းကောင်း၊ အနာဂတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် မူဝါဒလမ်းညွှန်ချက်များ ဆွေးနွေးချမှတ်မည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော်ဓာတ်ပုံပြိုင်ပွဲ၊ ပြပွဲဆုရရှိသူများအားကြေညာခြင်း

**၁။ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပခဲ့သော ၂၀၀၄ခုနှစ် ရွှေတိဂုံစေတီတော် ဓာတ်ပုံပြိုင်ပွဲတွင် အောက်ဖော်ပြပါ ဓာတ်ပုံပညာရှင်များက ဆုအသီးသီးရရှိကြောင်း ကြေညာအပ်ပါသည်–**

| | | |
|---|---|---|
| (က) ကြည်ညိုဖွယ်အဖုံဖုံမြတ်ရွှေတိဂုံ | ပထမဆု | – သီဟသိန်းဉာဏ် |
| | ဒုတိယဆု | – လင်းထင် |
| | တတိယဆု | – ရွှေလေ့မျိုးအောင် |
| | နှစ်သိမ့်ဆု–၁ | – တင်မိုးဝေ |
| | နှစ်သိမ့်ဆု–၂ | – တင်မိုးဝေ |
| | နှစ်သိမ့်ဆု–၃ | – ကျော်ကျော်သူ |
| | နှစ်သိမ့်ဆု–၄ | – မောင်မောင်ကြည် |
| | နှစ်သိမ့်ဆု–၅ | – ဦးဆန်းငွေး(မြန်မာ) |
| (ခ) မြတ်ရွှေတိဂုံကုသိုလ်စုံ | ပထမဆု | – ကိုအောင်အောင်(Toe) |
| | ဒုတိယဆု | – တင်မိုးဝေ |
| | တတိယဆု | – သီဟသိန်းဉာဏ် |
| | နှစ်သိမ့်ဆု–၁ | – သီဟသိန်းဉာဏ် |
| | နှစ်သိမ့်ဆု–၂ | – ဦးလူမောင် |
| | နှစ်သိမ့်ဆု–၃ | – တင်မိုးဝေ |
| | နှစ်သိမ့်ဆု–၄ | – ကိုအောင်မျိုး(Maximunforce) |
| | နှစ်သိမ့်ဆု–၅ | – ဦးလူမောင် |
| (ဂ) ရွှေတိဂုံ ဝန်းကျင်ရှုလေလျှင် | ပထမဆု | – စိန်ဝင်းထွေး(အောင်ချမ်းသာ) |
| | ဒုတိယဆု | – ဦးလူမောင် |
| | တတိယဆု | – မျိုးမြင့်အောင်(သိပ္ပံ) |
| | နှစ်သိမ့်ဆု–၁ | – ဦးကျော်လင်း(လှိုင်) |
| | နှစ်သိမ့်ဆု–၂ | – သီဟဝင်း(လှုဂုဏ်ရည်) |
| | နှစ်သိမ့်ဆု–၃ | – သီဟသိန်းဉာဏ် |
| | နှစ်သိမ့်ဆု–၄ | – ဦးသိန်းဝင်း |
| | နှစ်သိမ့်ဆု–၅ | – ဦးလူမောင် |

၂။ အထက်ဖော်ပြပါ ဆုရဓာတ်ပုံများအပါအဝင် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူတို့ လေ့လာကြည်ညိုနိုင်ကြစေရန် ၁၇–၁၀–၂၀၀၄ရက်(တနင်္ဂနွေနေ့)မှ ၂၈–၁၀–၂၀၀၄ရက် (ကြာသပတေးနေ့)အထိ ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ဓာတ်ပုံပြိုင်ပွဲတစ်ရပ် ခင်းကျင်းပြသမည်ဖြစ်ပါ၍ ဘုရားဖူးပြည်သူများ အခမဲ့ကြွရောက် လေ့လာကြည်ညိုနိုင်ပါသည်။

၃။ ၂၇–၁၀–၂၀၀၄ရက်တွင် ဆုရဓာတ်ပုံပညာရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။

**ရွှေတိဂုံစေတီတော်ထာဝရဘက်စုံပြုပြင်မွမ်းမံ**
**တည်ဆောက်ရေးလုပ်ငန်းကော်မတီ။**

### တိမ်အသင့်အတင့်

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**



## အိမ်မဲမြို့နယ် ထန်းလေးပင်ကျေးရွာတွင် ပညာလောက စာကြည့်တိုက်ဖွင့်

အိမ်မဲ အောက်တိုဘာ ၃

**အိမ်မဲမြို့နယ် ထန်းလေးပင်ကျေးရွာကိုယ့်အားကိုယ်ကိုး ပညာလောကစာကြည့်တိုက်ကို စက်တင်ဘာ ၄ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မေမြင့်၊ကျေးရွာဥက္ကဋ္ဌဦးခင်မောင်သန်းနှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)

ဆက်လက်၍ ရန်ကုန်မြို့နေ ဦးကြည်ထွန်းနှင့် ဒေါ်ရီရီခိုင်တို့က ထန်းလေးပင်ကျေးရွာ စာကြည့်တိုက်အတွက် အလှူငွေကျပ်တစ်သောင်းကိုပေးအပ်လှူဒါန်းသည်။

**ကျင်းပခဲ့**

အလားတူ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များကို မြို့နယ်အတွင်းရှိ လူကောင်းကျွန်း၊ ပျဉ်းမငူ၊ ထန်းလေးပင်၊ ကျုံစိန်၊ ကမ်းပြို၊ ခလောက်သိုက်၊ ဝါးခရယ်နှင့် ဝဲကြီးဝကျေးရွာများတွင်စာကြည့်တိုက်ဖွင့်ပွဲများနှင့်ဟောပြောပွဲများကျင်းပခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ် ပညာအေးရိပ် ကိုယ့်အားကိုယ်ကိုး စံပြစာကြည့်တိုက်ဖွင့်

**သံဖြူဇရပ် အောက်တိုဘာ ၅**

သံဖြူဇရပ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ ပညာအေးရိပ် ကိုယ့်အားကိုယ်ကိုး စံပြစာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၂၇ရက်နံနက်က ကျေးရွာစာကြည့်တိုက် အဆောက်အအုံတွင် ကျင်းပရာ ဝယ်သွန်ချောင်ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရွှေနှင့် ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိုးစိုးမြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ပေးပို့လှူဒါန်းသော စာအုပ်မျိုးစုံ ၅၅အုပ်အား မြို့နယ်ဦးစီးမှူးဒေါ်အေးအေးသီက လွှဲပြောင်းပေးအပ်ရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်ရွှေက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**





**သာစည်မြို့နယ် ရွှေတုတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ရွှေပညာ စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ၁၁ရက်က အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလှနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## ထန်းတပင်မြို့နယ် ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်

**ထန်းတပင် အောက်တိုဘာ ၅**

ထန်းတပင်မြို့နယ် အမှတ်(၃) ရပ်ကွက်တွင် စက်တင်ဘာ ၂၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ငြိမ်းငြိမ်းတို့က ရောင်ခြည်ဦးစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**



## ပေးအပ်လှူဒါန်း

**အောက်တိုဘာ၉ရက်ကကျင်းပသည့် ရွှေကျင်မြို့နယ် မောင်းရုံကျေးရွာနယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးရည်က မောင်းရုံကျေးရွာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထံ စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။** (မြို့နယ် ပြန်/ဆက်)



## ကျေးလက် သတင်းနှင့် မြင်ကွင်း

## လူငယ်အားမာန် စာကြည့်တိုက်ဖွင့်

**ရွှေဘို စက်တင်ဘာ ၃၀**

ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာတွင် လူငယ်အားမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက်က ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးဖုန်းကျော်က လူငယ်အားမာန်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းသန်းက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဖုန်းကျော်ကလက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

## မလင်္ဂါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



**မိုးညှင်းမြို့နယ် တဲကြီးကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး အလီမွှာ စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ၁၇ရက်က ကျင်းပရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက ဆွေးနွေးဟောပြောစဉ်။** (မြို့နယ် ပြန်/ဆက်)


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်



* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။
* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ချစ်ဇနီးကေဇင်ဖြိုး (ခ) ကေဇင်မျိုးမင်း(ငယ်ချစ်)

အတွက်

## မွေးနေ့ဆုတောင်း

ကို့အပေါ် ချစ်ခင်မြတ်နိုးစွာ အလိုက်သိတတ်သော ချစ်ဇနီး ငယ်ချစ်ရဲ့ ၁၃-၁၀-၂၀၀၄ ရက်တွင် ကျရောက်တဲ့ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း တစ်ရာကျော်တိုင် ကိုနဲ့အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် ဘဝခရီးလမ်းကို အောင်မြင်စွာ လျှောက်လှမ်းရင်း သာယာလှပတဲ့ မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်း မေတ္တာပို့သလျက်။

**ချစ်ခင်ပွန်း-ကိုမျိုးမင်း။**

## မွေးနေ့ဆုမွန်

ပျော်ရွှင်မှုများစွာနဲ့ မအေးအေးသန့် ၁၃-၁၀-၂၀၀၄ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နှစ်ပေါင်း မရေတွက်နိုင်အောင် ပြီးပြည့်စုံသော ဘဝကို ပိုင်ဆိုင်ပါစေလို ဆန္ဒပြုလိုက်ပါတယ်။

**ကိုချမ်းသာ။**

























## အမည်ပြောင်း

ဦးခင်မောင်ကြည်၏သား အမရပူရ အထက(ပလစ-၂) ဒသမတန်း(G)မှ မောင်ထင်ဘုန်းလှိုင်အား မောင်ထင်ဘုန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထင်ဘုန်းအောင်။**

## အမည်ပြောင်း

ဘားအံမြို့နယ် အိမ်အမှတ် ၃/၈၄ နေ ဦးဝင်းမောင်၏သမီး မမိငယ်လေး ၁/မညန(နိုင်) ၁၀၅၂၈၂ အား မနွယ်နီချစ်ဟု ပြောင်းလဲခေါ်ပါရန်။ **မနွယ်နီချစ်။**












# ရောဝတီတိုင်းအတွင်း မြစ်ကူးချောင်းကူးတံတားကြီးများ မြောက်မြားစွာတည်ဆောက်ပေးခဲ့ ယခင်က ရေလမ်းဖြင့် ခက်ခက်ခဲခဲသွားရသောခရီးများ ယခုအခါ မော်တော်ယာဉ်ဖြင့်သွားလာနိုင် လက်တွေ့တွင် ထူးခြားစွာတိုးတက်ပြောင်းလဲနေမှုများကို ပြည်သူများကိုယ်တွေ့ခံစားနေရပြီ

**ရန်ကုန် အောက်တိုဘာ ၁၂**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် သာပေါင်းမြို့ တန်(၂၀၀)ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)ကိုကြည့်ရှုစစ်ဆေးပြီး သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိကြရာ သာပေါင်းမြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံပွဲ အခမ်းအနားတွင် ရှေးဦးစွာ သာပေါင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းက သာပေါင်းမြို့နယ်၏ တည်နေရာနှင့်

**စာမျက်နှာ ၈ ကော်လံ ၁** ■

**ပေးအပ်**

**မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြောင်းမြ ခရိုင် လပွတ္တာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားပြစက်နှင့် ဗွီစီဒီစက်တစ်စုံကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)**



**အောက်တိုဘာ ၁၁ ရက်က မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများတွင် သင်ကြားလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–၃)(သတင်းစဉ်)**



## အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဖွင့်ပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၄ ရက်(ကြာသပတေးနေ့)နံနက် ၇ နာရီမှစတင်၍ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဧရာဝတီတိုင်း သာပေါင်းမြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ တန်(၂၀၀) ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို အောက်တိုဘာ ၁၀ ရက်က တွေ့ရစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)**

